မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည်ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၈၄)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

ကိုကိုးကျွန်းမြို့တွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ဒေသ၏ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများမြင့်မားစေရေး ဆောင်ရွက်ပေးသွားရန်လို

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့နေ့လယ်ပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

ဦးစွာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကိုကိုးကျွန်း လေဆိပ်သို့ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ရပ်မိရပ်ဖများ၊ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွေ့ဆုံပွဲအခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်)

တည်ငြိမ်အေးချမ်းရေးပြည်ထောင်စုစိတ်ဓာတ်ဖြင့်ဆောင်ရွက်

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ စစ်မှန်စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ထိုသို့စတင်ကျင့်သုံးခြင်းနှင့်အတူ နိုင်ငံတစ်ဝန်းလုံးတွင် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲစေရေးအတွက် စတင်ကြိုးပမ်းခဲ့သည်။ ပထမဒီမိုကရေစီအစိုးရကာလ နိုင်ငံတော်သမ္မတ၏ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ကြေညာချက်အမှတ်(၁/၂၀၁၁)ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန်စတင်ဖိတ်ခေါ်ခဲ့သည်။ အကြိမ်ပေါင်းများစွာ အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို နိုင်ငံတော်သမ္မတဦးဆောင်သည့်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့အနေဖြင့် နိုင်ငံတကာအသိသက်သေများ၏ရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့နောက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် EAO အဖွဲ့နှစ်ဖွဲ့ ထပ်မံလက်မှတ်ရေးထိုးခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်သည် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့အကြား ၁၈ လကြာ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခဲ့ပြီးမှ သဘောတူညီချက်ရရှိခြင်းဖြစ်သည်။ အဆိုပါစာချုပ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌အတည်ပြုခဲ့ပြီး မြန်မာ့သမိုင်းမှာ NCA စာချုပ်သည် အထင်ကရစာချုပ်တစ်ခုဖြစ်လာသည်။ NCA စာချုပ်မှာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတော်အစိုးရတို့အကြား အာမခံချက်ပေးထားသည့် ကတိကဝတ်နှင့်သဘောတူညီချက်တစ်ခုဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် **"NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ပေးကြသည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များအားလုံးကို နိုင်ငံတော်နှင့်တပ်မတော်မှဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်း၊ NCA နှစ်ပတ်လည်အခမ်းအနားတွင် မိမိအနေဖြင့် လိုအပ်သည်များကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ NCA သည် တိုင်းရင်းသားများနှင့်တွေ့ဆုံဆွေးနွေး၍ တိုင်းရင်းသားများ၏တောင်းဆိုချက်များအပေါ်မူတည်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ NCA ကို အပြည့်အဝအကောင်အထည်ဖော်ရန်အတွက် ယခင်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းတွင် အကြောင်းအမျိုးမျိုးကြောင့်နောင့်နှေးခဲ့ရကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်မှနိုင်ငံတော်တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ဆက်လက်ဆွေးနွေးဆောင်ရွက်မှုမရှိ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှောင့်နှေးခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မိမိတို့အနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအကြီးအကဲအနေဖြင့် ကြားကာလများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်အဖွဲ့များနှင့်သော်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် "နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်"ဟူသော ရှေ့လုပ်ငန်းစဉ်ကိုလည်းကောင်း၊ "တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး"ဟူသောဦးတည်ချက်ကိုလည်းကောင်း ချမှတ်ဆောင်ရွက်ခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရွေးချယ်ခံအစိုးရ၊ လွှတ်တော်ရှိရန်လိုအပ်သည်။ မူလစတင်လက်မှတ်ရေးထိုးစဉ်ကတည်းက လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြင့် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ NCA တွင်ပါဝင်ခဲ့ကြသည့် အဖွဲ့အစည်းများအားလုံးပါဝင်ရန်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားများ၏အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်လျက်ရှိရာ မိမိတို့အားလုံးက ဖြစ်ချင်တာထက်ဖြစ်သင့်တာကို ပိုမိုဦးစားပေးပြီးဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက်အရေးကြီးသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၇၀ သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့်တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၁၀-၂၀၂၅(တနင်္ဂနွေနေ့)

၁။	၀၈:၀၀	မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ	၃။	၁၃:၃၀	Music Crazy
			၄။	၁၄:၅၅	Sporty Zone
၂။	၁၀:၄၀	နိပါတ်တော်လာ သိမှတ်စရာ	၅။	၁၈:၂၀	Relaxing Moment
			၆။	၂၁:၄၀	အသံလွှင့်ဇာတ်လမ်း

မြဝတီ ခေတ်စမ်း MyawadyDaily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀မ်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀မ်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးသန်းစိုးက ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပသွားမည်ဖြစ်ရာ အပိုင်း (၁) ပြုလုပ်မည့်နေ့ရက်နှင့် မြို့နယ်များကို ကြေညာပြီးဖြစ်၍ ဆက်လက်ကျင်းပမည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအားလုံး ဝင်ရောက်ယှဉ်ပြိုင်စေလိုသော်လည်း ဥပဒေနှင့်ညီညွတ်မှသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရန်အတွက် သတ်မှတ်ကာလအတွင်း တင်ပြရမည့် ပါတီဝင်အင်အား၊ ဖွင့်လှစ်ရမည့် ပါတီရုံးခန်းအရေအတွက်များကို ပြင်ဆင်ဖြေလျှော့ပေးခဲ့သော်လည်း မတင်သွင်းနိုင်သည့် ပါတီ လေးပါတီကို ဖျက်သိမ်းခဲ့ရကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ရက်တိုးမြှင့်သတ်မှတ်ပေးနိုင်ရေး နိုင်ငံရေးပါတီများမှ တောင်းဆိုခြင်းများရှိခဲ့ကြောင်း၊ ကိုယ်စားလှယ်လောင်းတင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့် ကိုယ်စားလှယ်လောင်း အရေအတွက်ကိုလည်း ပြင်ဆင်သတ်မှတ်ပေးခဲ့ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် PR မဲဆန္ဒနယ်များအတွက် ဦးစားပေးအစီအစဉ်အတိုင်း ဖော်ပြထားသည့် ကိုယ်စားလှယ်လောင်းအမည်စာရင်းကို နိုဝင်ဘာလ ၃၀ ရက်မတိုင်မီ ကော်မရှင်သို့ ပေးပို့နိုင်ရေးအကြောင်း



ကြားပြီးဖြစ်၍ ထပ်မံအသိပေးပြောကြားလိုကြောင်း။

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းပြုစုရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ရရှိသည့် စာရင်းအပေါ်တွင် အခြေခံ၍ Software များအသုံးပြု တိုက်ဆိုင်စစ်ဆေးပြုစုခြင်းဖြစ်ကြောင်း၊ မဲစာရင်းနှင့်စပ်လျဉ်း၍ ကြေညာချက်များ၊ နှိုးဆော်ချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ထားကြောင်း၊ ယာယီနေရပ်စွန့်ခွာနေရသူများ မဲပေးနိုင်ရေးအတွက် ရောက်ရှိနေရာတွင် မဲပေးနိုင်ရေးနှင့် မူလနေရပ်သို့ ကြိုတင် မဲပေးနိုင်ရေး နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရွေးကောက်ပွဲမကျင်းပနိုင်သည့် ၅၆ မြို့နယ်ရှိ မဲဆန္ဒရှင်များအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပချိန်တွင် မဲပေးနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းမပြုမီ စိစစ်နိုင်ရေးနိုင်ငံရေးပါတီများသို့ ဖိတ်ကြားသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၏အသက်သည် မဲစာရင်းဖြစ်သည့်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုကြောင်း။

ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ပြီးဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့် အပိုင်းတစ်ပိုင်းတည်းအတွက် မဟုတ်ဘဲ ရွေးကောက်ပွဲ အပိုင်းအားလုံးအတွက် ယင်းကာလအတွင်း မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သည့်အခါ ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က၊ နည်းဥပဒေအခန်း (၁၀) ပါ သတ်မှတ်ချက်များ၊ ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) ပါ ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များနှင့် အခန်း (၁၄) တွင်ပါသည့် တရားမဲ့ပြုကျင့်မှုများကို အထူးသတိပြုရန် လိုအပ်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာပါတီဝင်များ၊ ပါတီထောက်ခံသူများကိုလည်း သိရှိအောင် အသိပေးထိန်းကျောင်းရန် လိုအပ်ကြောင်း၊ သတ်မှတ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး၊ ဥပဒေနှင့်ငြိစွန်းခြင်းမရှိစေရေးကိုလည်း သတိပြုစေလိုကြောင်း။

လွှတ်တော် (၃) ရပ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် ငွေကျပ်သိန်းသုံးရာအထိ သုံးစွဲခွင့်ရှိကြောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်များကို စနစ်တကျမှန်ကန်စွာ စာရင်းပြုစုရေးသွင်းထားပြီး သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၌ တင်သွင်းရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့်ရက်အတွင်း မတင်သွင်းပါက ခုံအဖွဲ့ဖွဲ့၍ စစ်ဆေးပြီး အရည်အချင်းပျက်ယွင်းသူအဖြစ် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါ၍ ရွေးကောက်ပွဲကုန်ကျစရိတ်များကို အချိန်မီတင်သွင်းကြရန် မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရကြောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ လွတ်လပ်၍တရားမျှတပြီး အောင်မြင်သော ရွေးကောက်ပွဲဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၇ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံကြက်ခြေနီအသင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့မှ ဆောင်ရွက်နေသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ Myanmar Earthquake – (၄)ကြိမ်မြောက် Movement Partner Call ကို ယမန်နေ့ မွန်းလွဲပိုင်းက Hybrid ပုံစံဖြင့်ပြုလုပ်သည်။

တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်က ရန်ကုန်ရုံးခွဲမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)မှ Deputy Director for Operation ဖြစ်သူ Mr. Pascal Hundt၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC)မှ Under Secretary General for National Society Development and Operations Coordination ဖြစ်သူ Mr. Xavier Castellanos Mosquera တို့က ဂျီနီဗာမြို့မှလည်းကောင်း တက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင် ပါမောက္ခဒေါက်တာတင်မောင်လှိုင်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de BAECQUE နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury တို့က ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေ အတွင်းရေးမှူး၊ လက်ထောက်အထွေထွေအတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံကြက်ခြေနီအသင်း၊ နော်ဝေနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

မြဝတီ

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း ကြေညာချက် ပုံစံ(၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ(၁၀-ခ)များ ကပ်ထားကြေညာမည့်နေ့ရက် အသိပေးကြေညာ

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ(၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ(၁၀-ခ)များ ကပ်ထားကြေညာမည့်နေ့ရက် အသိပေးကြေညာခြင်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများတွင် ၈ - ၉ - ၂၀၂၅ ရက်နေ့မှ ၂၂ - ၉ - ၂၀၂၅ ရက်နေ့အထိ အမည်စာရင်းတင်သွင်းလွှာများကို တင်သွင်းခဲ့ကြပြီးဖြစ်ပါသည်။

၂။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ၂၃ - ၉ - ၂၀၂၅ ရက်နေ့မှ ၄ - ၁၀ - ၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်းကိုဆောင်ရွက်ခဲ့ကြပြီးဖြစ်၍ စိစစ်လက်ခံအတည်ပြုထားသော သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ(၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ (၁၀-ခ) များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၉-၁၀-၂၀၂၅ ရက်နေ့၌ တစ်ပြိုင်တည်း ကပ်ထားကြေညာမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ကျွန်ုပ်၏ အဆုံးအဖြတ်

ထိုမှဆက်လက်၍ မြန်မာပြည်နိုင်ငံရေးအပြောင်းအလဲဆိုသော သတင်းအကြောင်းကို ဆင်ခြင်ရာတွင် ကျွန်ုပ်သည် ဗိုလ်ချုပ်နေဝင်းနှင့် ဦးနုတို့ကို ပုဂ္ဂိုလ်အနေအားဖြင့် နှိုင်းယှဉ်ချက်ထုတ်မိသည်။ ဗိုလ်ချုပ်နေဝင်းအကြောင်းကို ကျွန်ုပ်ကြားသိရဖူးသမျှနှင့် ဦးနုအကြောင်းကို ကျွန်ုပ်သိရသမျှမှာ (ကျွန်ုပ်သည် ဤပုဂ္ဂိုလ်နှစ်ဦးစလုံးနှင့် ကိုယ်တိုင်သိကျွမ်းသည်မဟုတ်ပါ။) အုပ်ချုပ်ရေးသမားတစ်ယောက်အနေဖြင့် ဗိုလ်ချုပ်နေဝင်းကို ပို၍ကြိုက်ပါသည်။ (ကျွန်ုပ်အကဲခတ်မှားချင်မှားပေမည်။) နောက်ဆုံး၌ ကောင်းယောင်နှင့်ဆိုးနိုင်သည်။ ဆိုးယောင်နှင့် ကောင်းနိုင်သည်ဆိုသောစကားကို ထောက်ထားခြင်းအားဖြင့် ဦးနု၏ အုပ်ချုပ်ရေးသည် မူအားဖြင့်ကောင်း၍ ဗိုလ်ချုပ်နေဝင်းအုပ်ချုပ်ရေးသည် လက်တွေ့အားဖြင့်မူကား သာချင်လည်းသာနိုင်သည်ဟု စဉ်းစားမိသည်။ မည်သို့ပင်ဖြစ်စေ ဗိုလ်ချုပ်နေဝင်းအုပ်ချုပ်ရေးသည် ဦးနုအစိုးရအုပ်ချုပ်ခြင်းထက် ဆိုးဆိုးရွားရွားဖြစ်မသွားနိုင်။ တိုင်းပြည်ကြီး ဗယောက်ဗယက်ဖြစ်မသွားတန်ရာဟု ဆုံးဖြတ်ချက်ချမှတ်လိုက်သည်ဖြစ်၍ တိုင်းပြည်အတွက် ကျွန်ုပ်၏စိုးရိမ်ပူပန်မိခြင်းများမှာ တစ်ခါတည်း ပျောက်ပြယ်လွင့်စဉ်သွားပြီး ကောင်းစွာအိပ်စက်နိုင်ပါသည်။

ဆက်လက်စုံစမ်းခြင်း

နံနက်လင်းသောအခါ ကျွန်ုပ်သည် ယမန်နေ့ညက စဉ်းစားဆင်ခြင်ပုံများကို သခင်ကျော်စိန်အားပြောပြရာ သခင်ကျော်စိန်က ကျွန်ုပ်၏အဆုံးအဖြတ်ကို နှစ်သက်သဘောကျလှသည်ဟု အားရပါးရထောက်ခံရုံသာမက ရှာရှားရဲဘော်များကိုလည်း ပြောပြလေသည်။ ထို့နောက် ကျွန်ုပ်တို့သည် မြန်မာပြည်မှသတင်းများကို ဆက်လက်နားစွင့်လျက် ရှိရာ ကြားရသမျှသောသတင်းသည်လည်း ကျွန်ုပ်၏အဆုံးအဖြတ်ကို တစ်နေ့တခြား ထောက်ခံလျက်ရှိကြောင်းတွေ့ရ၍ စိတ်ကျေနပ်လှပါသည်။ ဤတွင် ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံ၌ ဆက်လက်လှည့်လည်ရခြင်းအလုပ်တွင် လုံးဝနောက်ဆံမတင်းတော့ဘဲ ကျွန်ုပ်သိလိုသောအခြင်းအရာများကို စိတ်အေးလက်အေးဖြင့် စုံစမ်းနိုင်ပါသည်။ ကျွန်ုပ်စုံစမ်းလျက်ရှိသော အခြင်းအရာကား အခြားမဟုတ်။ ဆရာကြီး ဘာထရန်ရပ်ဆဲလ်၏မေးခွန်းကို ဖြေဆိုမည်ကြံသည့် ကျွန်ုပ်၏အဖြေသည် ဆိုဗီယက်ပြည်သူပြည်သားများ၏ စိတ်နေသဘောထားနှင့် ကိုက် မကိုက်၊ ညီ မညီ ဟူသောအချက်ပင်ဖြစ်ပါသည်။

အဖော်နှစ်ယောက်တို့

လီနင်ဂရက်မြို့တွင် ကျွန်ုပ်၏မေတ္တာကို တုံ့ပြန်ခြင်းနှင့်ပတ်သက်၍ ကျေနပ်အားရလောက်စရာ အောင်မြင်ခြင်းကိုတွေ့ရ၏။ ကျွန်ုပ်၏အောင်မြင်ပုံများကို ဖော်ပြရာတွင် ကျွန်ုပ်အတွက် အသားယူလိုသောကြောင့်မဟုတ်။ မေတ္တာစိတ်ဓာတ်၏အံ့သြလောက်သော အကျိုးအာနိသင်ကို စာဖတ်သူတို့သိရ၍ ယုံကြည်ကြစေခြင်းငှာ တင်ပြခြင်းဖြစ်ပါသည်။ ယင်းသို့ဖော်ပြရာတွင် "ကိုယ်တွေ့ဆိုင်းဘုတ်" တပ်ပြီး စိတ်ကူးယဉ်သဘောနှင့် ခဲ့ထွင်ရေးသားခြင်းသာဖြစ်သည်ဟု စွပ်စွဲ၍ မဖြစ်နိုင်လောက်အောင် ကျွန်ုပ်၏အဖော်နှစ်ယောက်လည်း ပါရှိပါသည်။ ကျွန်ုပ်သည် မေတ္တာစိတ်ဓာတ်စမ်းသပ်ခြင်းအကြောင်းကို အဖော်နှစ်ယောက်တို့အား ထုတ်ဖော်ပြောခြင်းမပြုခဲ့သော်လည်း ကျွန်ုပ်

"ကျွန်ုပ်တို့လှည့်လည်ခဲ့ကြသည့် ဆိုဗီယက်ယူနီယံတစ်ခုလုံး၌ ဟိုတယ်ကြီးများအတွင်း စားပွဲခန်းကြီးများတွင် တစ်ဖက်သောမျက်နှာ၌ စင်မြင့်တစ်ခုရှိ၍ ယင်းအပေါ်တွင် တယော၊ ဘာဂျာ၊ ဘင်ဂျို၊ မယ်ဒလင် စသည့် တူရိယာအဖွဲ့ တစ်ဖွဲ့ရှိ၏။ ဟိုတယ်ကြီးလျှင် ကြီးသလောက် တူရိယာအဖွဲ့လည်းကြီး၍ တချို့မှာ ဆယ့်လေးငါးယောက်အထိ ပါဝင်လေသည်။ . . ."

ရေးသားတင်ပြသည့်အဖြစ်အပျက်များမှာ သူတို့နှစ်ယောက်၏ မျက်စိအောက်တွင် ဖြစ်ပျက်ခြင်းတို့သာများပါသည်။ အကယ်၍ ကျွန်ုပ်သည် တစ်စိတ်ကိုတစ်အိတ်လုပ်ပြီး ခဲ့ထွင်ရေးသားသည်ဟု ထိုလူနှစ်ယောက်က ယူဆကြပါမူ ကျွန်ုပ်အား မည်သာတာဘဲ ဖွင့်ချလိုက ဖွင့်ချနိုင်ခွင့်ရှိကြပါသည်။ သို့ဆိုလျှင် ကျွန်ုပ်က ငြင်းဆိုလိမ့်မည်မဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် အထင်ကြီးပြီး အတွေးအခေါ်တွေ ချော်ခဲ့ခြင်းဖြစ်လေသလော ဟူ၍သာ စဉ်းစားလိမ့်မည်ဖြစ်ပါသည်။

မေတ္တာမျက်လုံး၏သတ္တိ

လီနင်ဂရက်မြို့ အခဲ့စ်တိုးရီးယားဟိုတယ်တွင် ညစာစားလျက်ရှိကြစဉ် တက္ကသိုလ်ကျောင်းသား မောင်သိုက်သည် သူနှင့်အတူ ပညာသင်လျက်ရှိသည့် ရုရှားကျောင်းသူ (Girl Friend) တစ်ယောက်ကို ဟိုတယ်သို့ခေါ်လာ၍ ကျွန်ုပ်တို့၏စားပွဲတွင် ထိုင်ကြ၏။ မောင်သိုက်သည် ရုရှားကျောင်းသူလေးအား ကိုလှကျော်တို့လူစုနှင့် မိတ်ဆက်ပေးရာ ကျွန်ုပ်မှာ ဆေးတံပိတ်လျက်ရှိသည်နှင့် သူတို့ကိုမေ့မကြည့်အားဘဲ ဆေးတံကို ပြင်ဆင်လျက်ရှိ၏။ ထိုအခါ ကိုလှကျော်က...

"ဆရာကြီး မောင်သိုက်က ရုရှားကျောင်းသူလေးတစ်ယောက် ခေါ်လာတယ်။ နှုတ်ဆက်လိုက်ပါဦး" ဟုပြောသော်လည်း ကျွန်ုပ်မှာ ကျွန်ုပ်၏ဆေးတံသည် ရုရှားကျောင်းသူထက် အရေးကြီးသည်ဆိုသော သဘောနှင့် မော့၍မျှမကြည့်ဘဲ ဆေးတံကိုသာငုံ၍ပြင်ဆင်လျက်ရှိ၏။ အလုပ်ပြီးသောအခါမှ ကျွန်ုပ်သည် မိန်းကလေးရှိရာသို့ လှမ်းကြည့်လိုက်ရာ ထိုအခါတွင်မှ မိန်းကလေးကို ဂရုမစိုက်သည့်အနေဖြင့် ဆေးတံကို ငုံ၍ပြင်ခဲ့မိခြင်းအတွက် အားနာသောစိတ်ဖြစ်ပေါ်လာ၏။ ဤတွင် ကျွန်ုပ်သည် အားနာသောအခြင်းအရာကို နှုတ်ဖြင့်မပြောဘဲ မျက်နှာထားဖြင့်ပြလျက် သူငယ်မ၏မျက်နှာကို ကျွန်ုပ်၏မေတ္တာမျက်လုံးများဖြင့် တစ်ချက်ကြည့်လိုက်၏။ ထို့နောက် သူနှင့်ကျွန်ုပ် မျက်လုံးချင်းဆိုင်မိတိုင်း ဖြူစင်သောမေတ္တာမျက်လုံးများဖြင့် ကျွန်ုပ်ကကြည့်ရာ သုံးကြိမ်မျှဆိုင်မိကြသောအခါတွင် သူငယ်မသည် ကျွန်ုပ်ကိုကြည့်ရာမှ မောင်သိုက်၏နားအနီးသို့ကပ်ကာ တစ်စုံတစ်ရာပြောလိုက်၏။ မောင်သိုက်သည် ကျွန်ုပ်ဘက်သို့လှည့်လျက်...

"ဆရာကြီးခင်ဗျား။ မိန်းကလေးက ဆရာကြီးကို မြင်မြင်ချင်း အင်မတန်ချစ်ခင်လေးစားတဲ့စိတ်တွေဖြစ်ပေါ်လာလို့မို့ သူနဲ့တွဲကဖို့ တောင်းပန်ပါတယ်တဲ့ခင်ဗျာ။ ဆရာကြီးနဲ့ တွဲကလိုက်ရလျှင် သူမှာ အင်မတန်ဂုဏ်ကျက်သရေတိုးတက်သွားလိမ့်မယ်လို့ ယူဆပါတယ်တဲ့ခင်ဗျာ" ဟုပြောလေသည်။

ကြံကြီးစည်ရာ ကြဲရပုံ

ကျွန်ုပ်တို့လှည့်လည်ခဲ့ကြသည့် ဆိုဗီယက်ယူနီယံတစ်ခုလုံး၌ ဟိုတယ်ကြီးများအတွင်း စားပွဲခန်းကြီးများတွင် တစ်ဖက်သောမျက်နှာ၌ စင်မြင့်တစ်ခုရှိ၍ ယင်းအပေါ်တွင် တယော၊ ဘာဂျာ၊ ဘင်ဂျို၊ မယ်ဒလင် စသည့် တူရိယာအဖွဲ့တစ်ဖွဲ့ရှိ၏။ ဟိုတယ်ကြီးလျှင် ကြီးသလောက် တူရိယာအဖွဲ့လည်းကြီး၍ တချို့မှာ ဆယ့်လေးငါးယောက်အထိ ပါဝင်လေသည်။ တူရိယာအဖွဲ့သည် တစ်ချီတစ်ချီတွင် တီးမှုတ်ကြ၍ တစ်ချီတစ်ချီတွင် အနားယူလေ့ရှိရာ ညစာစားလျက်ရှိသော ပရိသတ်သည် တူရိယာအဖွဲ့တီးမှုတ်လိုက်သည့်အခါတိုင်း စားပွဲမှ ထလာကြပြီး အခန်းကြီးအလယ်၌ရှိသည့်ကွက်လပ်တွင် သူ့အတွဲ၊ ကိုယ့်အတွဲကကြ၍ အတီးအမှုတ်ရပ်စဲသွားသောအခါမှ ကိုယ့်စားပွဲသို့ ပြန်ထိုင်ကာ ဆက်လက်စားသောက်ကြပြန်လေသည်။ ဤသို့ဖြင့် ည ၁၂ နာရီထိုး၍ ဟိုတယ်ပိတ်ချိန်တိုင်အောင် တချို့ကား တစ်ချီတလေနားသော်လည်း တချို့မှာ အနားမယူဘဲ အတီးအမှုတ်စတိုင်း လက်တွဲ၍ ထလာကြလေသည်။ ကျောင်းသူလေးက ကျွန်ုပ်အား တွဲကဖို့တောင်းပန်သည့်အခါ ငယ်စဉ်က တောင်ပြုန်းပွဲသို့ ရောက်၍ သူငယ်ချင်းများ ကကြသည်ကို မြင်သော်လည်း တစ်ကြိမ်တစ်ခါမျှ လက်ပင်မမြှောက်ခဲ့ဖူးသည့် ကျွန်ုပ်မှာ ကချင်ဖို့ဝေးစွ၊ မျက်နှာများ ထူပူသွားပါသေးသည်။ ဤအထဲတွင် တချို့က...

"ရုက်စရာမရှိပါဘူး၊ ကသာကပါဆရာကြီး" ဟု တိုက်တွန်းကြပြန်ရာတွင် ကျွန်ုပ်မှာ မျက်နှာမထားတတ်အောင်ဖြစ်သွား၏။ တချို့လူအများသည် "ပွတ်သဘင်"ပွဲအတွက် သင်တန်းတက်ပြီး ကကြသည်ဟု ကြားရဖူးသော်လည်း ကျွန်ုပ်မှာ အတီးအဆိုဘက်တွင် အဖော်ကောင်းလျှင် လုပ်ချင်လုပ်မည်။ မိမိကိုယ်ကို "ကလန်ကလား" ကြီးအဖြစ်နှင့် ကိုယ့်ဘာသာကိုယ် ထင်မြင်ထားသူတစ်ယောက်ဖြစ်သောကြောင့် ခြေဟန်လက်ဟန်နှင့် လုပ်ရသောအလုပ်မျိုးကို အထူးရှောင်ကြဉ်သူဖြစ်သည်နှင့် တိုက်တွန်းခြင်းခံရသည့်အတွက်ပင် မျက်နှာပူလျက်ရှိပါတော့သည်။ နောက်ဆုံး၌ ကျွန်ုပ်၏ညီကို အစားထိုး၍ ထည့်ပေးလိုက်ခြင်းအားဖြင့် ပြဿနာကို ဖြေရှင်းပေးလိုက်နိုင်ပါသည်။ ကျွန်ုပ် မကြာခဏ စဉ်းစားမိသောအချက်တစ်ခုမှာ ကျွန်ုပ်ကိုမြင်လျှင်မြင်ချင်း ခင်မင်လေးစားခြင်းရှိသည်ဆိုခြင်းကား ထားပါတော့။ အသက် ၇၀ ကျော်၍ ဆံဖြူသွားကျိုးရှိနေသည့် အဘိုးအို့တစ်ယောက်နှင့်တွဲ၍ ကပါရစေဟု မိန်းမပျိုလေးတစ်ယောက်က ခွင့်တောင်းခြင်းကား နားမလည်နိုင်အောင် ရှိပါတော့သည်။ ကျွန်ုပ်တို့ "ဘိမမ္မာ" များအနက်တွင် အရွယ်ကောင်းသေးသည့် ကိုလှကျော်နှင့် သခင်ကျော်စိန်တို့ကိုမမြင်ဘဲ ကျွန်ုပ်အား ကွက်၍ရွေးချယ်ခြင်းဖြစ်သည့်အတွက် သာ၍အံ့သြမိ၏။ မိန်းမပျိုကလေးသာမက အမျိုးသမီးစာရေးဆရာ မုဆိုးမတစ်ယောက်ကလည်း ကျွန်ုပ်အား အလားတူခွင့်တောင်းခြင်း ကြုံခဲ့ရပါသေးသည်။

ဆက်လက်ဖော်ပြပါမည်။

သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြော

သထုံ အောက်တိုဘာ ၁၈

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၁၇ ရက်က သထုံမြို့ လိပ်အင်းရပ်ကွက် အခြေခံပညာမူလတန်းလွန် ကျောင်း(ကျောင်းကုန်း)၌ ကျင်းပသည်။

ရှေးဦးစွာ တာဝန်ခံဆရာမ ဒေါ်ဇင်ချိုဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီးနောက် ကျောင်းသား၊ ကျောင်းသူများက စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ လူကုန်ကူးမှု အန္တရာယ်ဆိုးတို့ကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။



ချမ်းမြေ့





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗျိုင်းကျွန်းနှင့် ဂျယ်ရီကျွန်းဆက်လမ်း ဆောင်ရွက်ထားမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

၁ ကျော်ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းမြို့နှင့် သွားလာဆက်သွယ်မှုအဆင်ပြေစေရေးအတွက် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းနှင့် သင်္ဘောကြီးများ ဆိုက်ကပ်ရပ်နားနိုင်သည့် ဆိပ်ခံတံတားကို တည်ဆောက်ပေးခဲ့ပြီး ယခင်ကထက် များစွာတိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ **ကိုကိုးကျွန်းသည် မိမိတို့နိုင်ငံအတွက် ပထဝီအနေအထားအရ အရေးပါသည့်နေရာတွင် တည်ရှိသောကြောင့် ကိုကိုးကျွန်းတပ်နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များသာမက မိသားစုဝင်များ အနေဖြင့်လည်း အမြဲလုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် နေထိုင်ကြရန်လို** ကြောင်း။

တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန်လိုကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန် ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လိုကြောင်း။

ကျန်းမာကြံခိုင်မှုရှိစေရေးအတွက် တပ်မတော်သားတစ်ဦး နေ့စဉ်ဆောင်ရွက်ရမည့် ကိုယ်လက်ကြံခိုင်မှုလေ့ကျင့်ခန်းများကို အမြဲဆောင်ရွက်နေရန်လိုကြောင်း၊ ရဲစွမ်းသတ္တိရှိရန်အတွက် မြန်မာ့ရိုးရာသိုင်း၊ လက်ဝှေ့နှင့် အခြားကိုယ်ခံပညာရပ်များကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ ရဲစွမ်းသတ္တိရှိခြင်းဆိုသည်မှာ အများအကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို သတ္တိရှိစွာဖြင့် ပြတ်ပြတ်သားသား တာဝန်ထမ်းဆောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရဲစွမ်းသတ္တိရှိစေရး မိမိကိုယ်ကို လေ့ကျင့်နေရန်လိုကြောင်း၊ **ကျွမ်းကျင်မှုနှင့် ပတ်သက်၍ မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်ခဲယမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့်အသုံးပြုနိုင်ရေးနှင့် အမြဲအသင့်ဖြစ်နေစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်နေရန်လို**ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ရန်ပုံငွေပေးအပ်စဉ်။

❖ တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန် ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လို . . .

အလားတူ နေ့စဉ်ဆောင်ရွက်နေရသည့် ဦး၊ ရေး၊ ထောက်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကိုလည်း အမြဲစနစ်တကျဆောင်ရွက်နေမည်ဆိုပါက စည်းကမ်းကောင်းမွန်သည့် တပ်များဖြစ်လာမည်ဖြစ်ကြောင်း၊ နေ့စဉ်ဆောင်ရွက်ရမည့်သမားစဉ်လုပ်ငန်းများကို မပျက်မကွက်လုပ်ဆောင်နေမည်ဆိုပါက အရည်အချင်းရှိသည့်တပ်များဖြစ်လာမည်ဖြစ်ကြောင်း၊ **လုပ်ငန်းများဆောင်ရွက်ရာတွင် Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်သွားရန်လို**ကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ကြပ်မတ်ကွပ်ကဲရသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုသကဲ့သို့ လိုက်ပါဆောင်ရွက်ရသူများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြင့် လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရာရှိ၊ စစ်သည်များ၏ ရသင့်ရထိုက်သည့် အခွင့်အရေးများမဆုံးရှုံးစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးနေရန်လိုကြောင်း။

မိမိတို့၏ ကျန်းမာရေးနှင့် လူမှုဘဝကို ထိခိုက်စေနိုင်သည့် အရက်သေစာသောက်စားခြင်းများနှင့် အပျော်အပါးလိုက်စားခြင်းများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန်လိုကြောင်း၊ အသုံးအစွဲချွေတာသုံးခြင်းဖြင့် မိမိတို့၏ဝင်ငွေနှင့်ထွက်ငွေများမျှတအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကို များစွာအထောက်အကူပြုစေနိုင်သဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ အားကစားပြိုင်ပွဲများ၊ ကြံခိုင်ရေးပြိုင်ပွဲများ၊ သဲသောင်ပြင်အပြေးပြိုင်ပွဲများကျင်းပခြင်း၊ ရုပ်ရှင်များပြသခြင်း၊ ရာသီအလိုက်ပွဲတော်များကျင်းပပေးခြင်းများကို ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စိတ်ဓာတ်ကိုမြှင့်တင်ပေးရန်လိုကြောင်း။

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်၏ အခြေအနေအရ၂၀၂၁ ခုနှစ်မှစတင်၍ နိုင်ငံတော်၏ တာဝန်ကိုယူခဲ့ရကြောင်း၊ ရွေးကောက်ပွဲကိုလည်း မကြာမီအချိန်အတွင်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ **ဆန္ဒမဲများပေးရာတွင်လည်း မိမိတို့ဒေသနှင့် နိုင်ငံ၏အကျိုးကို အမှန်တကယ် လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာသည့်သူ၊ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအမြင်ရှိသူကို ရွေးချယ်ကြရန်လို**ကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံတစ်ခုကိုတည်ဆောက်ရန်အတွက် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် **စာမျက်နှာ ၆ သို့ ↺**





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံရေတပ်စခန်းဌာနချုပ်ရှိ ကိုကိုစိုက်ပျိုးရေးခြံအတွင်း ကိုကိုးပင်များ ရှင်သန်အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ↄ စာမျက်နှာ ၅ မှအဆက်

ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝစေရေး နိုင်ငံတော်အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်နေရခြင်းဖြစ်ကြောင်း၊ မိမိတို့အားလပ်သည့် အချိန်များတွင် စာပေဖတ်ရှုလေ့လာခြင်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ စာဖတ်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်စေရေး အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စာပေများဖတ်ရှုလေ့လာပြီး အသိပညာအတတ်ပညာများတတ်ကျွမ်းအောင် ဆောင်ရွက်ကြရန်နှင့် မိမိတို့၏သားသမီးများအား ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

❖ ရဲစွမ်းသတ္တိရှိခြင်းဆိုသည်မှာ အများအကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့်ကိစ္စရပ်များကို သတ္တိရှိစွာဖြင့် ပြတ်ပြတ်သားသားတာဝန်ထမ်းဆောင်ဆောင်ရွက်ခြင်းဖြစ်၊ ရဲစွမ်းသတ္တိရှိစေရေး မိမိကိုယ်ကိုလေ့ကျင့်နေရန်လို . . .

❖ မိမိတို့၏ ကျန်းမာရေးနှင့် လူမှုဘဝကိုထိခိုက်စေနိုင်သည့် အရက်သေစာသောက်စားခြင်းများနှင့် အပျော်အပါးလိုက်စားခြင်းများကို တတ်နိုင်သမျှရှောင်ကြဉ်ရန်လို . . .

တပ်နယ်မှအရာရှိ၊ စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရန်ပုံငွေများကို လည်းကောင်း ပေးအပ်ရာ ရေတပ်ဌာနချုပ်မှူးနှင့်ဇနီးတို့က လက်ခံရယူကြသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးကလက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိနွားမွေးမြူရေးခြံအတွင်း ဒေသနွားများ မွေးမြူထားရှိမှုများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျွန်းပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုကြပြီး ဗျိုင်းကျွန်းနှင့်ဂျယ်ရီကျွန်းဆက်လမ်းဆောင်ရွက်ထားမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် **ကိုကိုးကျွန်းပေါ်ရှိ မြေလွတ်နေရာများ၌ မျိုးကောင်းသည့် အုန်းပင်များအား စနစ်တကျဖြင့် အကွက်ချစိုက်ပျိုးရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပင်လယ်ရေမှစိုက်ပျိုးရေထုတ်ယူသုံးစွဲနိုင်ရေး သုတေသနပြုဆောင်ရွက်ရန်**နှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ် ကိုကိုးစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ကိုကိုးပင်များ ရှင်သန်အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကိုကိုးပင်များအား ယခုထက်ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန်၊ ထိုမှတစ်ဆင့် မြေနိမ့်ကော်ဖီကို စမ်းသပ်စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်ခြင်းကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်စဉ်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်ခြင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အလားတူ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ခိုလမ်တပ်နယ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ်အောင်ဇေယျာဇနန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်စဉ်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှုခင်းများကိုဝေဟင်မှကြည့်ရှုရန် Balloon များ စတင်ပျံသန်း

ညောင်ဦး အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှုခင်းများကို ဝေဟင်မှကြည့်ရှုရန် အောက်တိုဘာလ ၁၈ ရက်တွင် Balloon များ စတင်ပျံသန်းပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့် ထံမှသိရသည်။

ညောင်ဦးမြို့နယ်ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကောင်းကင်ယံမှ ရှုခင်းကြည့်ရှုနိုင်ရန် Balloon စတင်ပျံသန်းခြင်းကို ရွှေလေတံခွန် (နီညိုရောင်) မီးပုံးပျံဓာတ်ငွေ့ Balloon အမွဲ့မှ XY-AKY နံပါတ်ပါ Balloon သည် ခရီးသည် ၁၄ ဦးလိုက်ပါစီးနင်းခဲ့ပြီး သူဌေးကန်ကျေးရွာအနောက်ဘက်တွင်ဆင်းခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ရောဝတီမြစ်အလှရှုခင်းများ၊ ထန်းပင်ထန်းတောများ၊ အညာဒေသတွင် ပေါက်ရောက်သည့် ထနောင်းပင်များ၊ တမာပင်များ၊ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများကို ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ဝေဟင်မှကြည့်ရှုနိုင်သောကြောင့် စီးနင်းလိုက်ပါသူများပြားကြောင်းသိရသည်။ **ဒီပါလင်း**

မြန်မာနိုင်ငံတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ပြန်လည်ထွက်ခွာ



ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဘယ်လာရုစ် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်သည့်အဖွဲ့ဝင် လေးဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘယ်လာရုစ်နိုင်ငံသို့ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့ပြန်လည်မထွက်ခွာမီ လေဆိပ်ဧည့်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ စီးပွားရေးရာဝန်ကြီးဦးမျိုးမြင့်အောင်နှင့်ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Osdrovskiy တို့က ဓာတ်ပုံမှတ်တမ်း Album၊ မှတ်တမ်း Video DVD နှင့်အမှတ်တရလက်ဆောင်ပစ္စည်းတို့ကို ပေးအပ်ကြသည်။

အဆိုပါ အနုပညာရှင်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ်အတွင်း မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်နှင့် နေပြည်တော်တို့တွင်ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အပတ်စဉ် တင်ဆက်လျက်ရှိသည့် Friday Night Live Show အစီအစဉ်တွင်လည်း ရုရှားသံရုံးမှအနုပညာရှင်များနှင့်အတူ ပါဝင်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

မြဝတီ

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုစစ်ဆေး

ညောင်လေးပင် အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်လေးပင်မြို့နယ် တော်ပသီခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၇ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးရန်မျိုးနိုင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ တော်ပသီခေတ်မီစံပြကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ/ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။

အဆိုပါ တော်ပသီခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အသားတိုးဝက်မွေးမြူရေးလုပ်ငန်းအစုအဖွဲ့လေးဖွဲ့မှ အသင်းသား ၂၀ ဦးကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းချေးငွေများကို ကျေးရွာရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

နွေမိုးဗျန်းပက် ပန်းတစ်ခက်

❖ မိုးယွန်းခဲ့ပြီ
ရာသီဆောင်းလ၊ ဟေမန္တလည်း
ကြွေကျ လွင့်စင်၊ နွေအဝင်တည့်
ရှစ်ခွင် မြူဆိုင်း၊ အပူလှိုင်းတို့
ပတ်ဝိုင်း ထပ်ခွေ၊ တံလျှပ်ဝေစဉ်
နွေမိုး တစ်စက်၊ ဖျန်းအပက်၌
ပန်းခက်ကလေး ပွင့်လေပြီ။

❖ ဖြိုးဖြိုးစွေစွေ
ရွာချောသည်ကား၊ မဟုတ်ငြားတည့်
မြေသားမွတ်မွတ်၊ စိုရုံညွတ်သည့်
ဖက်ဆွတ်မိုးပြေး၊ ဆိုနိုင်သေးလည်း
မိုးပြေးကိုပင်၊ ကျေးဇူးတင်လျက်
ဝန်းကျင် စိမ်းလန်း၊ သာတင့်ဆန်းအောင်
တောပန်းစံပယ် ပွင့်ချေပြီ။

❖ လောကတစ်ဝန်း၊ အလှဆန်းဖို့
ပန်းဆိုသည်မှာ၊ ပွင့်မြဲသာပင်
ပွင့်လာပြီးမှ၊ ပန်းဘဝကို
လှသည် ဟုထင်၊ ယဉ်သည်ဟုတွေး
မွေးသည်ဟုဆို၊ ပန်ဆင်လိုလည်း
ရွှင်ချိုခွင့်လမ်း၊ တိမ်းညွတ်ကမ်းမည်
ပန်း၏ မေတ္တာပါပဲလေ။

❖ မလှဘူးထင်၊ မယဉ်ဘူးတွေး
မမွေးဘူးဆို၊ မပန်လိုလည်း
ငြိုငြင် မရှိ၊ နှုတ်ဆက်ဘိသည်
ပန်း၏ သစ္စာ ပါပဲလေ။

❖ သြော်...
ကိုယ်ပိုင်ရနဲ့၊ ပျံ့သမျှလေး
ကိုယ့်သွေးကိုယ့်ရောင်၊ ဆောင်သမျှလေး
ရေးခွင့်ကြုံကြိုက်၊ မိုးတစ်ပြိုက်နှင့်
အလိုက်သင့်ပင်၊ ပွင့်ငုံဆင်သည်
ချစ်ခင်မပျက် အားလုံးတွက်။
နွေမိုး ဖျန်းပက် ပန်းတစ်ခက်။
မွေးလျက် ထုံလျက် သင်းပျံ့လျက်။ ။

မြင်းမူမောင်နိုင်မိုး

အမှတ်မထင် နှာပိတ်ခြင်း ခေါင်းကိုက်ခြင်း

စာရေးသူ၏သမီးအကြီးသည် အလုပ်ပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေများတွင် အဝတ်လျှော်၊ မီးပူတိုက်လေ့ရှိသည်။ သူ့အဝတ်အစားသာမက မိဘများ၏ အဝတ်အစားများကိုပါ လျှော်ဖွပ်ပြီး နောက်တစ်ရက်တွင် လျှော်ဖွပ်ပြီးသည့်အထဲမှ ခြောက်ပြီးသောအဝတ်များကို မီးပူတိုက်သည်။ ဤသည်မှာ သူမ၏ အပတ်စဉ်ပြုလုပ်နေကျအလုပ်ဖြစ်သည်။

ယခုတနင်္ဂနွေနေ့ညမှာတော့ ထူးထူးခြားခြား နှာချေရာမှ ညဉ့်သန်းခေါင်တွင် နှာပိတ်ပြီး အသက်ရှူမဝသောဝေဒနာကြောင့် အိပ်မရဘဲ တစ်ညလုံး ငုတ်တုတ်ထိုင်ပြီး အိပ်ရသည်။

ပြီးခဲ့သောစနေနေ့က သူအဝတ်တွေ အများကြီးလျှော်သည်။ အဝတ်လျှော်ပြီးနောက် ညနေစောင်းမှ ခေါင်းလျှော်သည်။ တစ်ပတ်မှတစ်ကြိမ် ခေါင်းလျှော်ရသဖြင့် ရေချိုးရင်းခေါင်းပါလျှော်လိုက်သည်။ အအေးမိလျှင်၊ နှာစေးလျှင် ထိုနေ့ညကဖြစ်ရမည်။ သို့သော် စနေနေ့ညက ဘာမှမဖြစ်ဘဲ နောက်တစ်နေ့ကျမှ ဘာကြောင့်ဖြစ်ရသနည်း။

အကြောင်းမဲ့တော့ မဖြစ်နိုင်ပါ။ တနင်္ဂနွေနေ့က သူလုပ်ခဲ့သမျှ စာရေးသူပြန်လေ့လာကြည့်ပါသည်။ နံနက်စောစောထပြီးနောက် မနေ့ကလျှော်ပြီးသား မခြောက်သေးသော အဝတ်များကို တိုက်ခေါင်းမိုးပေါ်တက်ပြီး နေပူလှန်းသည်။ နေ့လယ်စာစားပြီးနောက် တိုက်ခေါင်မိုးပေါ်မှ အဝတ်များကို တက်ပြီး ရုပ်သည်။

မွန်းလွဲ ၂ နာရီခန့်မှစပြီး အဝတ်များကို မီးပူတိုက်သည်။ ညနေ ၄ နာရီခန့်တွင် အဝတ်အားလုံး မီးပူတိုက်ပြီးသည်။ မီးပူတိုက်ပြီးနောက် ရေချိုးသည်(ခေါင်းမလျှော်ပါ)။ ထို့နောက် ညီမများနှင့်အတူ ညနေ ရုပ်ရှင်သွားကြည့်ရန် ဖြီးလိမ်းပြင်ဆင်သည်။

ညနေ ၆ နာရီခွဲတွင် မြို့မအဆင့်မြင့် ရုပ်ရှင်ရုံ၌ ရုပ်ရှင်ကြည့်သည်။ ည ၉ နာရီခွဲ၌ ရုပ်ရှင်ကြည့်ပြီး ပြန်လာသောအခါ နှာစေးခေါင်းကိုက်လာသည်။ အိမ်သို့ရောက်သော် ခေါင်းကိုက်ပျောက်ဆေးတစ်လုံးသောက်လိုက်ပြီး အိပ်ရာဝင်သည်။ ည ၁၁ နာရီခန့်တွင် နှာပိတ်သွားပြီး အိပ်မရသဖြင့် ထထိုင်နေရသည်။

အထက်ပါအချက်များကို သေချာလေ့လာကြည့်သောအခါ ကြီးကြီးမားမားပြဿနာများမဟုတ်ပါ။ ကူးစက်ရောဂါပိုးဝင်သွားခြင်းလည်း မဖြစ်နိုင်ပါ။ အဓိကတရားခံမှာ အပူအအေးမမျှသည့် ပြဿနာပင် ဖြစ်ပါတော့သည်။

စနေနေ့က အဝတ်လျှော်ပြီးနောက် ရေချိုး၊ ခေါင်းလျှော်ခြင်းမှာ အအေးပြီး အအေးဆက်တိုက်ပြုလုပ်ခဲ့ခြင်းသာဖြစ်သဖြင့် ဘာမျှပြဿနာမရှိ။ ခေါင်းကိုက်၊ နှာစေးခြင်းပင် မဖြစ်ခဲ့ချေ။ တနင်္ဂနွေနေ့တွင် အပူအအေးပြဿနာတက်ရခြင်းမှာ နံနက်ပိုင်းမှနေ့လယ်အထိ တိုက်ခေါင်မိုးပေါ်တက်ပြီး အဝတ်များကို နေပူလှန်းသည်။ နေ့လယ်တွင် တိုက်ခေါင်မိုးပေါ်တက်၊ အဝတ်များကို ရုပ်သည်။ ထို့နောက် မီးပူတိုက်သည်။ ထို့နောက် ညနေ ၄ နာရီတွင် ရေချိုးသည်။ ရေချိုးရာတွင် ခေါင်းတော့မလျှော်ပါ။ လျှော်လျှင် ချက်ချင်းပင် နှာစေး၊ ခေါင်းကိုက်ဖြစ်နိုင်ပါသည်။

ညနေပိုင်းတွင် ရုပ်ရှင်သွားကြည့်သည်။ အဆင့်မြင့်ရုပ်ရှင်ရုံဖြစ်၍ အဲကွန်းအပြည့်လွှတ်ထားသည်။ အထူးသဖြင့် ခေါင်းဆောင်းမပါသဖြင့် ဦးခေါင်းပိုင်းနှင့် ငယ်ထိပ်ကို အအေးတိုက်ရိုက်ထိပုံရသည်။

မြန်မာရှေးရိုးအိမ်တွင်းမှု ဆေးသိပ္ပံပညာဟုခေါ်သော ဗိန္ဒေဆေးပညာအယူအဆတွင် နေ့ခင်းက အပူကိုင်ခဲ့သမျှ အခိုးတို့သည် ငယ်ထိပ်ပေါက်မှ ထွက်ရသည်။ ခေါင်းလျှော်ပြီးလျှင်လည်း ဆံပင်ကို ဖြန့်ချပြီး ငယ်ထိပ်ကို ပြောင်အောင်သုတ်ရသည်။ မိုးရွာထဲ အပြင်ထွက်ပါက ခမောက်ဆောင်း၍ အိမ်ပြန်ရောက်လျှင် ရေစိုနေသောခြေထောက်ကို ဒူးအောက်ပိုင်းမှ ရေလောင်းပြီး ထပ်ဆေးမှ ငယ်ထိပ်အခိုးမတက်ဟုယူဆသည်။ နှာစေးလျှင် ငယ်ထိပ်ကို အုန်းဆီလိမ်းသည်။ တချို့တောရွာများတွင် ကလေးများနှာစေးလျှင် ငယ်ထိပ်ကို ရေနံဆီလိမ်းသည့် အလေ့ရှိသည်။ ဤနည်းဖြင့်ပင် ရှေးလူများ ကျန်းမာနေခဲ့ကြသည်။ အရပ်ဓလေ့၊ အရပ်နည်းဖြင့် ကျန်းမာရေးစောင့်ရှောက်ခြင်းသည် ဗိန္ဒေဆေးပညာဖြစ်သည်။

ယခုအခါ တောအရပ်များတွင် ရေနံဆီမသုံးတော့သဖြင့် နှာစေးလျှင် ကွမ်းရွက်မီးကင်၍ အရည်ညှစ်ယူပြီး ငယ်ထိပ်တွင် လိမ်းပေးသည်ဟု သိရသည်။ ကွမ်းရွက်သည် အခိုးအာကာသ ပွင့်စေသော အရွက်မျိုးဖြစ်ပြီး အလွန်ဆေးဖက်ဝင်သည်။ ယခုအခါ အနောက်တိုင်းဆေးသုတေသနနှင့် ရုက္ခဗေဒဌာနတို့ပေါင်း၍ ကွမ်းရွက်အာနိသင်များကို အဆင့်မြင့်သုတေသနပြုလုပ်နေပြီဖြစ်သည်။

နှာပိတ်သွားသော သမီးအကြောင်း ဆက်ပြောရလျှင် ရုပ်ရှင်ရုံမှပြန်လာပြီး နောက် (ငယ်ထိပ်အအေးပတ်ခဲ့သဖြင့်) ရုပ်ရှင်ရုံအပြင်သို့ ထွက်လိုက်သည်နှင့် ရုတ်တရက် အပြင်ကလေပူနှင့်တွေ့ပြန်ပါတော့သည်။ ရုပ်ရှင်ရုံထဲမှာ အအေး၊ အပြင်ထွက်တော့ ၁၅ ဒီဂရီမက ကွာခြားသည့်အပူ။ ထိုသို့ တစ်နေကုန် အပူအအေး၊ အအေးအပူ ဝိရောဓိများ တွေ့ကြုံရသည့်အခါ အနိမ့်ဆုံး နှာစေး၊ ခေါင်းကိုက်ခြင်း ဖြစ်ရပါတော့သည်။

ဤမျှဖြစ်သည်မှာ တော်သေးသည်။ Heat & Cold Problem ထက်မြင့်လျှင် Heat Stroke ခေါ် အပူလျှပ်၍ လေဖြတ်ခြင်းအဆင့်သို့ ရောက်သွားနိုင်သည်။ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အခန်းတွင်းအပူချိန်နှင့် အပြင်အပူချိန် ၁၅ ဒီဂရီ ကွာခြားသောနေရာတွင် ဝင်လိုက်ထွက်လိုက်လုပ်လျှင် ဦးနှောက်သွေးကြောပေါက်ပြီး လေဖြတ်နိုင်သည်။ ယခုခေတ်တွင် အဲကွန်းအသုံးပြုသူများသဖြင့် Heat Stroke အလွန်များလာသည်။ တစ်နေကုန် အဲကွန်းအခန်းထဲတွင်နေသဖြင့် ဘာမျှမဖြစ်။ နေပူထဲထွက်လိုက်၊ အဲကွန်းအခန်းတွင်းပြန်ဝင်လိုက်နှင့် ဦးနှောက်သွေးကြောပေါက်သူ၊ လေဖြတ်သူများလာသည်။

"သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အခန်းတွင်းအပူချိန်နှင့် အပြင်အပူချိန် ၁၅ ဒီဂရီ ကွာခြားသောနေရာတွင် ဝင်လိုက်ထွက်လိုက်လုပ်လျှင် ဦးနှောက်သွေးကြောပေါက်ပြီး လေဖြတ်နိုင်သည်။ ယခုခေတ်တွင် အဲကွန်းအသုံးပြုသူများသဖြင့် Heat Stroke အလွန်များလာသည်။ တစ်နေကုန် အဲကွန်းအခန်းထဲတွင်နေသဖြင့် ဘာမျှမဖြစ်။ နေပူထဲထွက်လိုက်၊ အဲကွန်းအခန်းတွင်းပြန်ဝင်လိုက်နှင့် ဦးနှောက်သွေးကြောပေါက်သူ၊ လေဖြတ်သူများလာ . . ."

အလွန်ဖွံ့ဖြိုးတိုးတက်လာသောခေတ်တွင် လူသားတို့အသက်ရှည်ကြပါ၏၊ လောဟုမေးလျှင် အသက်တိုသွားပါသည်ဟုသာ ဖြေရမည်ဖြစ်သည်။ ဤသည်မှာ အစားအသောက်၊ အရောင်ဆိုးဆေးနှင့် ဓာတုဗေဒပစ္စည်းများ၏အန္တရာယ်မပါသေး။ အပူအအေးဝိရောဓိရှုထောင့်တစ်ခုတည်းကိုကြည့်ပြီး သုံးသပ်နေခြင်းမျှသာဖြစ်သည်။ အသက်တိုရသည့် အကြောင်း၊ ရောဂါဖြစ်ပွားရသည့် အကြောင်းများစွာထဲမှ တစ်ခုမျှသာဖြစ်လေသည်။

အအေးမိ၊ ခေါင်းကိုက်ခြင်းနှင့် နှာစေး၊ နှာပိတ်ခြင်းဟူသည် အပယိကဝေဒနာဟုသာ သိကြသော်လည်း တကယ်တမ်းဖြစ်လာ၍ ခံစားရသူမှာ နှာပိတ်ပြီး အသက်ရှူမဝသဖြင့် ညအိပ်မရဖြစ်ရလေသည်။ ညအိပ်မရသောအခါ နောက်တစ်ရက်တွင် အစားမစားနိုင်တော့။ ခံတွင်းပျက်ခြင်းဝေဒနာပါ ခံစားလာရတော့သည်။

နောက်ရက်တွင် စာရေးသူ၏သမီးကို အကိုက်အခဲပျောက်ဆေးများ ဆက်မတိုက်တော့ဘဲ ငယ်ထိပ်မှ အခိုးပွင့်စေရန် ကွမ်းရွက်များကိုခြေ အရည်ညှစ်ယူပြီး ဦးခေါင်းနှင့်ငယ်ထိပ်တွင် ဆွတ်ပေးသည်။ အအေးပတ်ခြင်းနှင့် နှာစေးခြင်းသက်သာစေရန် ကြက်သွန်ဖြူဥတစ်လုံးများကို ဝါးတံဖြင့်ထိုး၍ မီးကင်ကျွေးပါသည်။ ကြက်သွန်ဖြူသည် အအေးမိနှာစေးသောပိုးကို အလွန်နိုင်ပါသည်။

နှာရည်များစွာ ကျပြီးနောက် ညတွင်းသူ ကောင်းစွာအိပ်ရပါသည်။

သင်ခန်းစာမှာ အဝတ်လျှော်ပြီးလျှင် ရေချိုးရန်လိုသည်။ နေပူထဲတွင် အဝတ်များလှန်းလျှင် ငယ်ထိပ်နေပူမမိအောင် ခေါင်းဆောင်းရန်လိုသည်ကိုလည်း သတိပြုသင့်သည်။ အရေးကြီးဆုံးသတိရှိရန်မှာ နေပူခံခြင်း၊ မီးပူတိုက်ခြင်းကဲ့သို့(အပူ)အပူမိပြီးသောအခါ ရေမချိုးရန်၊ ခေါင်းမလျှော်ရန်၊ ပန်ကာလေ၊ အဲကွန်းလေ၊ လေတိုက်ခံခြင်းစသော (အအေး)အအေးပတ်ခြင်းများကို သတိပြုရှောင်ရှားကြရန် လိုကြောင်း သတိပေးရေးသားလိုက်ရပါသည်။ ။

ကြည်လွင်မြင့်(မုဒြာ)

တံတားဦးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



တံတားဦး အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၁၇ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာနခွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါးအစ ဆေးလိပ်ကဆိုသည့် အတိုင်း ဆေးလိပ်သောက်ခြင်းကို မပြုလုပ်ကြရန်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ်၊ ဆေးခြောက်အန္တရာယ်၊ စိတ်ကြွရူးသွပ်ဆေးပြားအန္တရာယ်နှင့် လူငယ်များ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ရှောင်ရှားနိုင်ရန်တို့ကို အသိပညာပေးရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် ပုံပြောပြိုင်ပွဲကိုကျင်းပရာ တံတားဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း Grade -7 မှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးက မိမိတို့နှစ်သက်ရာခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်၌ တစ်ဆက်တစ်စပ်တည်း မိုးစပါးစံကွက် ၁၀ ဧက ရိတ်သိမ်းခြင်းဆောင်ရွက်



ဒိုက်ဦး အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရှမ်းစု ကျေးရွာ ကွင်းအမှတ် ၄၄၈-ဃ ရှိ တောင်သူ ဦးသန်းထွန်း၏ တစ်ဆက်တစ်စပ်တည်း မိုးစပါး ၁၀ ဧက ရိတ်သိမ်းခြင်းကို အောက်တိုဘာလ ၁၇ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အဆိုပါ မိုးစပါးစံကွက် ၁၀ ဧက ဆင်းသုခမျိုးရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း စပါးအစို ၁၄၂ ဒသမ ၆၀ တင်း ထွက်ရှိကြောင်း သိရသည်။

ထိုသို့မိုးစပါးရိတ်သိမ်းနေမှုအား ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ ဒေသခံတောင်သူများက ကြည့်ရှုအားပေးပြီးတောင်သူဦးသန်းထွန်းအား ဆောင်းသီးနှံစိုက်ပျိုးရန် ပဲတီစိမ်းမျိုးပေးအပ်ကြောင်းသိရသည်။

အောင်ဖြူလင်း၊ (၄၁၀)

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းဆောင်ရွက်

ခန္ဓီး အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့ ပေါမိုင်းရပ်ကွက်ရှိ တရုတ်ဘုံကျောင်းဝင်းအတွင်း၌ အောက်တိုဘာလ ၁၇ ရက် မွန်းလွဲပိုင်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာအသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းဆောင်ရွက်ကြောင်းသိရသည်။

အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇော်ထွန်းနိုင်က မဲပေးသူပြည်သူများ မဲမပေးမီသိသင့်သိထိုက်သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် မဲပေးစက်နှင့်ပတ်သက်သည့် အကြောင်းအရာများအား လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲအရာရှိဦးသိန်းထွန်းဦးက မဲပေးစက်ကိုင်တွယ် အသုံးပြုပုံများနှင့် မဲပေးရာတွင်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ လက်တွေ့စမ်းသပ်မဲပေးခြင်းများဆောင်ရွက်သည်။

အခမ်းအနားသို့ ခန္ဓီးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ဇော်ထက်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲအရာရှိဦးဇော်ထွန်းနိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများတက်ရောက်ကြကြောင်းသိရသည်။

(၄၀၉)



လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

မြဝတီ အောက်တိုဘာ ၁၈

ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ လူငယ်ရေးရာဟောပြောပွဲကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီခရိုင်အဆင့် ဌာနဆိုင်ရာများပူးပေါင်း၍ အောက်တိုဘာလ ၁၇ ရက်နံနက်ပိုင်းတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် NLBC ကိုယ်ပိုင်အထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဆောင်းနှင်းဖြူက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန်၊ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် အသိပညာဗဟုသုတများ ကြွယ်ဝစေရန် စာအုပ်စာပေများကို ဖတ်ရှုရမည့်နည်းလမ်းများ၊ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် လေ့လာလိုက်စားရမည့် စာပေအမျိုးအစားများနှင့် တန်ဖိုးများ၏ အကျိုးကျေးဇူးများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရမည့် နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဝင်းနိုင်က ကျောင်းသားလူငယ်များ သတိပြုဆောင်ခြင်ရမည့် နေ့စဉ်စားသုံးနေသောအစားအစာများ၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် စားသုံးသူရေးရာနှင့်စပ်လျဉ်း၍မှတ်သားရမည့်အချက်များကို အသီးသီးဟောပြောကြသည်။

ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းထက်အောင်က စွန့်ပစ်အမှိုက်များခွဲခြားကာ အရောင်အလိုက်ခွဲခြားထားသည့် အမှိုက်ပုံးများထဲသို့ အမှိုက်များအား စွန့်ပစ်ရမည့် နည်းလမ်းများကို သရုပ်ပြသ၍ကျောင်းသား၊ကျောင်းသူလေးဦးက စွန့်ပစ်အမှိုက်များခွဲခြားကာ လက်တွေ့ဆောင်ရွက်ကြသည်။

ယင်းနောက်ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လေ့လာကြည့်ရှုကြကြောင်းသိရသည်။

(၄၀၆)

MWD Variety Channel

၁၉-၁၀-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၀:၄၀ ရောင်စုံပျံသင်းစာပန်းခင်း
၃။ ၁၁:၄၅ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းမြှင့်တင်စို့
၄။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၁၇:၄၅ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၀-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၅ မေတ္တာပို့
၃။ ၀၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၅။ ၀၉:၀၀ အမှတ်တရနေ့ရက်များ
၆။ ၁၁:၀၀ အတွေးအမြင်
၇။ ၁၅:၀၀ ဇာတ်လမ်းတို
၈။ ၁၇:၀၀ သုတရသစုံလင်ဗဟုသုတပုံပြင်
၉။ ၁၈:၃၀ ပြည်သူ့ကြားကပြည်သူ့စကား
၁၀။ ၁၉:၀၀ CGTN Nature အပိုင်း(၈)

နိုင်ငံ့အကျိုးရွက်သယ်ပိုး

❖ ဖြူစင်စွာ လူ့စိတ်ရင်းဖြင့်
အမုန်းကင်း ရှေ့ဆက်သော်။
ထာဝစဉ် လွန်အေးချမ်း
ဂုဏ်လွှမ်းကြည်ပျော်။
မျိုးချစ်စိတ် ရဲရင့်သနော်
ကဲဆင့်ဖော် ကိုယ်ပိုင်နန်း။
မဟုတ်မခံ သတ္တိစိတ်ရယ်က
တည်ရှိထိပ်တန်း။

❖ တို့ဌာနေ သာစခန်းပေမို့
တင့်ဆန်းတဲ့ မြန်မာပြေ(ပြည်)။
နိုင်ငံတော်ဦးတည်ချက်
လေးနက်လို့နေ။
မခွဲမခြား တို့တစ်တွေ
စည်းလုံးနေ ညီတဲ့သွေး။
မျိုးသာကီ ဂုဏ်ရည်လွှမ်း
ငြိမ်းချမ်းတယ်လေး။

❖ မြန်မာတွေ နှလုံးသွေး
ရှူတွေးကြ အကောင်းဘက်ကို။
ကိုယ်လိုရာ တစ်ဖက်ပိတ်နှင့်
ထိုးကြိတ်ချောင်ခို။
ရလိုမှုအတ္တပို
နိုင်ငံ့အကျိုးဆို ရှောင်ရှား။
စိတ်ဓာတ်မဖြူ အောက်တန်းကျလျှင်ဖြင့်
ကမောက်ကမ အဖြစ်ဆိုးဒဏ်နဲ့
အမျိုးမဟာစံ ပြိုယိုင်လဲမယ်
ဉာဏ်တွဲသိထား။

❖ တို့လူငယ် လူ့စွမ်းအားဖြင့်
ကြိုးစားကွဲ့ ထာဝစဉ်။
တို့နိုင်ငံ တို့လူမျိုးရဲ့
ကောင်းကျိုးကိုဆင်။
ခေတ်စနစ်ရဲ့အသွင်ပြင်
အပြင်အဆင် ဖွံ့ဖြိုး။
လေးစားပါ ဥပဒေမြတ်ကိုလ
မပြတ်ရှိကျိုး။ ။

စျာန်လေး(ပညာရေး)

မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ



ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦး နှင့်တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတ နိုင်ငံလေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသော မျိုးဆက်သစ်ထူးချွန်လူငယ် မောင်မယ်များနှင့်စစ်သည် များအားရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ကြိုဆို နှုတ်ဆက်စဉ်။

ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ် များနှင့် စစ်သည်များပါဝင်သော လေ့လာ ရေးအဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့ လေ့လာရေးခရီးသွားရောက်ခဲ့ရမှုနှင့် ပတ်သက်၍ ယခုကဲ့သို့ကြားသိရပါသည်-

မယွန်းဆုဝေဇင်
(နှစ်ထပ်ကွမ်းလူရည်ချွန်)

သမီးကတော့ ၂၀၂၄-၂၀၂၅ ပညာသင် နှစ်တက္ကသိုလ်ဝင်စာမေးပွဲမှာ လေးဘာသာ ဂုဏ်ထူး ရမှတ်ပေါင်း ၅၁၂ မှတ်နဲ့အောင်မြင် ခဲ့တဲ့ နှစ်ထပ်ကွမ်းလူရည်ချွန် မယွန်းဆု ဝေဇင်ပဲဖြစ်ပါတယ်။ ပထမဦးဆုံး တရုတ် မှာငါးရက်တာနေခဲ့ရပါတယ်။ အခုဒီငါးရက် ကျောင်းသူများကိုယ်စား သမီးက အထူးပင် ကျေးဇူးတင်ရှိပါတယ်။ နောက် သမီးတို့ကို ခရီးစဉ်တစ်လျှောက်လုံးမှာ လိုလေသေးမရှိ အောင် ကူညီဆောင်ရွက်ပေးခဲ့တဲ့ မြန်မာ့ စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်ကိုလည်း ကျောင်းသား၊ ကျောင်းသူများကိုယ်စား အထူးပင်ကျေးဇူး တင်ရှိပါတယ်ရှင်။

မောင်ဖြိုးခန့်ကိုကို
(သုံးထပ်ကွမ်းလူရည်ချွန်)

ကျွန်တော့်နာမည်ကတော့ မောင်ဖြိုးခန့် ကိုကိုဖြစ်ပါတယ်၊ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင် စာမေးပွဲမှာ ဂုဏ်ထူးခြောက်ဘာသာနဲ့ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ လူရည်ချွန်





မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်ကြည့်ရှုလေ့လာကြစဉ်။



နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်သုံခြုံရေးနှင့်အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏လမ်းညွှန်မှုဖြင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့အောက်တိုဘာလ ၁၃ ရက်မှစတင်၍လေ့လာရေးခရီးသွားရောက် လျက်ရှိသည့် ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/စစ်မှု ထမ်းပြောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား၊ ကျောင်းသူများ နှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည် များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ် မောင်မယ်များပါဝင်သော လေ့လာရေးအဖွဲ့ သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိ ကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦးနှင့်



တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွား ရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီ လိမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူ များ၏ မိဘဆွေမျိုးများက လေဆိပ်၌ကြိုဆို နှုတ်ဆက်ကြသည်။

အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ် မောင်မယ်များနှင့်စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အောက်တိုဘာလ ၁၄ ရက်တွင် ပေကျင်းမြို့ ရှိ Tian Tan ပန်းခြံနှင့် Tian an men ရင်ပြင် သို့ သွားရောက်လည်ပတ်ပြီး Ling Guang ဘုရားကျောင်းသို့သွားရောက်၍ ဘုရား ကျောင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓ မြတ်စွယ်တော်အားဖူးမြော်ခြင်း၊ အောက်တို ဘာလ ၁၅ ရက်တွင် ပေကျင်းမြို့ရှိ မဟာ တံတိုင်းကြီး(Great wall)သို့ သွားရောက် လေ့လာခြင်း၊ နွေရာသီနန်းတော်သို့ သွား ရောက်လေ့လာခြင်းနှင့် အိုလံပစ်ကျင်းပခဲ့ သည့် အဆောက်အအုံများနှင့် မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာခြင်းများဆောင် ရွက်ကာ ညပိုင်းတွင်ညရှုခင်းများကြည့်ရှု ခဲ့ကြသည်။

အလားတူ အောက်တိုဘာလ ၁၆ ရက် တွင် ပေကျင်းမြို့ရှိ ပေကျင်းကျည်ဆန် ရထားဘူတာရုံမှ ပေကျင်း-တီယန်ကျင်း ကျည်ဆန်ရထားဖြင့် တီယန်ကျင်းမြို့သို့ လည်းကောင်း၊ တီယန်ကျင်းမြို့လေဆိပ် မှ ကွမ်ကျိုးမြို့သို့ Southern China လေကြောင်းလိုင်းဖြင့်လည်းကောင်း စီးနင်း လိုက်ပါ၍ ကွမ်ကျိုးမြို့သို့ရောက်ရှိကြပြီး Good Chain လုပ်ငန်းခွဲများအား လေ့လာ ကြသည်။ အောက်တိုဘာလ ၁၇ ရက်နံနက် ပိုင်းတွင် ကွမ်ကျိုးမြို့ရှိ Ji Nan တက္ကသိုလ် သို့သွားရောက်၍ Ji Nan တက္ကသိုလ်၏ သမိုင်းကြောင်း၊ စာကြည့်တိုက်နှင့် ဌာနခွဲ များအား လှည့်လည်လေ့လာခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလို သည့်မေးမြန်းမှုများအပေါ် တက္ကသိုလ်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ ကြသည်။ ထို့နောက်လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့အတွင်း လေ့လာ လည်ပတ်ကြပြီး ညပိုင်းတွင် Guang Zhou Tower အား သွားရောက်လေ့လာ ကြည့်ရှု တာအတွင်းမှာ သမီးတို့အနေနဲ့ မရောက် ဘူးတဲ့နေရာတွေ၊ စိတ်ဝင်စားဖွယ်အထင် ကရနေရာတွေကို သွားရောက်လည်ပတ် ခွင့်ရခဲ့ပါတယ်။ ပထမဦးဆုံးအနေနဲ့ သမီးတို့ ပထမရောက်မှာ Tian an men ရင်ပြင်နဲ့ Tian Tan ပန်းခြံကိုသွားခဲ့ရပါတယ်။ အဲ့ဒီမှာဆို လို့ရှိရင် သူတို့ရဲ့တရုတ်နိုင်ငံရဲ့ နှစ်ရှည် ထိန်းသိမ်းထားတဲ့အပင်တွေ သဘာဝ သစ်တောတွေကို မျက်မြင်တွေ့ရှိခဲ့ရတယ်။ နောက်နေ့မှာသမီးတို့မဟာတံတိုင်းကိုသွား ခဲ့ပါတယ်။ ပြီးရင်သမီးတို့ Ji nan တက္ကသိုလ် ကိုလည်း သွားရောက်လေ့လာခဲ့ရပါတယ်။ အဲဒီမှာသူတို့တက္ကသိုလ်တွေရဲ့တိုးတက် ပြောင်းလဲမှုတွေ၊ နည်းပညာဖွံ့ဖြိုးတိုးတက် မှုတွေ၊တိုးတက်ဆုံအဆင့်ဆင့်တွေကိုလေ့လာ ခဲ့ရပါတယ်ရှင့်။ ဒီလိုမျိုး မရောက်ဘူးတဲ့ နေရာတွေကို သွားရောက်လည်ပတ်ခွင့်ရခဲ့ တာမို့လို့ ဒေသန္တရဗဟုသုတတွေလည်း ရရှိခဲ့ပါတယ်။ ရရှိခဲ့တဲ့ ဗဟုသုတတွေကို နောင်တစ်ချိန်မှာ ကိုယ့်ပတ်ဝန်းကျင်က လူတွေကိုလည်း ပြန်လည်ပြီးတော့ မျှဝေ ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်ရှင့်။ သမီးကတော့ ကလေးအထူးကုဆရာဝန် တစ်ယောက်ဖြစ်ချင်ပါတယ်။ သမီးတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သွားရောက် ခွင့်ရအောင် စေလွှတ်ပေးခဲ့တဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကို ကျောင်းသား၊ သုံးထပ်ကွမ်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ တရုတ်နိုင်ငံကိုသွားပြီးလေ့လာတဲ့ အခါမှာ မဟာတံတိုင်း၊ နောက်နွေရာသီနန်း တော်ပေါ့။ သူတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ် နေရာတွေကို သွားရောက်လေ့လာခဲ့ပါ တယ်။ နောက်သူတို့ရဲ့လူနေမှုစနစ်တွေကို လည်း လေ့လာလည်ပတ်ခဲ့ပြီးတော့ သူတို့ ရဲ့ ကုန်တိုက်တွေကိုလည်းရောက်ခဲ့ပါတယ် ခင်ဗျ။ အဲဒီနေရာတွေကိုလေ့လာခဲ့ရတဲ့ အတွက် ကျွန်တော်တို့မြန်မာနိုင်ငံနဲ့မတူညီ တဲ့အချက်တွေကို သတိထားမိပြီးတော့ မတူညီတဲ့အတွေ့အကြုံခံစားမှုတွေနဲ့ မြန်မာနိုင်ငံကိုပြန်ရောက်လာတဲ့အခါမှာ လည်း မတူညီတဲ့ရှုထောင့်ကနေကြည့် ပြီးတော့ ပိုပြီးတော့တိုးတက် အောင် ကြိုးစားနိုင်မယ်လို့ ထင်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနာဂတ်အတွက် ဆရာဝန် တစ်ယောက်ဖြစ်ဖို့ဆေးကျောင်းကိုလျှောက် ထားပါတယ်ခင်ဗျာ။ အခုလို ကျွန်တော်တို့ ကျောင်းသားလူငယ်တွေကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံကို လေ့လာရေးခရီးစဉ် စေလွှတ်ပြီးတော့ အစစအရာရာလိုလေ သေးမရှိအောင် ဂရုစိုက်ပေးတဲ့ နိုင်ငံတော် အကြီးအကဲနှင့် တာဝန်ရှိသူများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ် ခင်ဗျာ။

(၁၀၀)

နိပါတ်တော်လာ သိမှတ်စရာ

ကျေးဇူးသိသော တိရစ္ဆာန်များ (အဗ္ဘဇာတ်)



ရဟန်းတစ်ပါးသည် ရဟန်းတို့၏တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်ရုံမျှမက လူတို့အတွက်လည်း သောက်ရေအိုးတည်ထားသဖြင့် ဒါယကာ၊ ဒါယိကာမများ၏ ကြည်ညိုဆည်းကပ်ခြင်းကိုခံယူရရှိသည်။ ထိုရဟန်းတော်ကိုအကြောင်းပြု၍ မြတ်စွာဘုရားရှင်သည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူ၏။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရသေ့ပြု၍ တပည့် ငါးရာတို့နှင့် အတူ ဟိမဝန္တာတောင်ခြေရင်း၌နေ၏။ ထိုကာလဝယ် ဟိမဝန္တာဒေသ၌ အပူချိန်လွန်ကဲ၍ သောက်ရေများ ခန်းခြောက်လျက်ရှိကုန်၏။

ထို့ကြောင့် တိရစ္ဆာန်များ သောက်ရေမရရှိကြပေ။ ထိုအကြောင်းကိုသိသော ရသေ့တစ်ပါးသည် သစ်ပင်ကိုဖြတ်ထွင်းလျက် စားကျင်းပြုလုပ်ကာ ရေများထည့်၍ တိရစ္ဆာန်များအတွက် သောက်သုံးရေရရှိရန် စီမံပေး၏။ များစွာသောတိရစ္ဆာန်တို့သည် ထိုစားကျင်းသို့လာ၍ ရေသောက်ကြ၏။ ရသေ့သည် သောက်ရေအလျဉ်မပြတ်စေရန် ဖြည့်တင်းနေရသဖြင့် သစ်သီးကြီးငယ်ရှာဖွေရန်ပင် အချိန်မရတော့ပေ။

ထိုအကြောင်းကိုသိသော တိရစ္ဆာန်များသည် စုဝေးတိုင်ပင်၍ ရေသောက်ရန်သွားသည့်အခါတိုင်း မိမိတို့၏ စွမ်းအားအလျောက် သစ်သီးကြီးငယ်များ ယူဆောင်သွားရန် ကတိကဝတ်ပြုကြလေ၏။ ယင်းသို့ တိရစ္ဆာန်များက သစ်သီးကြီးငယ်များ ယူဆောင်လာကြသဖြင့် နေ့စဉ် လှည်းနှစ်ဆယ့်တစ်စီးခွဲတိုက် ပမာဏမျှရရှိလေ၏။ အခြားသော ရသေ့ငါးရာတို့သည် ထိုသစ်သီးများကို စားသောက်သော်လည်း နေ့စဉ်ပင် ပိုလျှံ၍နေ၏။

ဘုရားလောင်းရသေ့ကြီးသည် ထိုသစ်သီးများကိုကြည့်၍ “ဝတ်နှင့်ပြည့်စုံသော ရသေ့တစ်ပါးကြောင့် ရသေ့အားလုံးတို့ သစ်သီးများဖြင့် မျှတခြင်းရှိကြရသည်။ ထို့ကြောင့် ဝိရိယမည်သည်ကို ပြုရမည်သာတည်း” ဟု ဆုံးမစကားဆိုလေ၏။

ဇာတ်ပေါင်းသော် ဝတ်နှင့်ပြည့်စုံသော ရသေ့သည် ယခု ဝတ်နှင့်ပြည့်စုံသော ရဟန်း၊ ဆရာရသေ့သည် ဗုဒ္ဓဖြစ်လေ၏။ နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် မိမိတွင်ရှိသော ဝိရိယအစွမ်းဖြင့် အများဝေနေယျာအတွက် အကျိုးရှိသောအမှုကိစ္စများကို အခါမလပ် ဆောင်ရွက်ကောင်းသည်နှင့်အညီ အများအကျိုးဆောင်လျှင် ကိုယ့်အကျိုးလည်းအောင်မည်သာဖြစ်လေသည်။ ။

သုတကြွယ်

လူငယ်များသို့ ပေးစာ

နှလုံးသားယဉ်ကျေးမှုရှိပါစေ

သားရေ...။

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)ရဲ့ အင်တာဗျူးဖြေဆိုချက်တစ်ခုမှာ ဖေဖေ မှတ်သားလိုက်ရတာလေးရှိတယ်။ ဖတ်ပြီးပြီးချင်းမှာပဲ သားကိုတော့ ပြောဖြစ်အောင် ပြန်ပြောရဦးမယ်လို့ ဖေဖေ ဆုံးဖြတ်လိုက်မိတယ်။

ဆရာကြီးကပြောတယ်။ ပညာရှာဖို့ တံခါးကြီးနှစ်ပေါက်ရှိပြီး သည်တံခါးနှစ်ပေါက်ကို မျှမျှတတအသုံးချတတ်ဖို့လိုပါတယ်တဲ့။ အသိပညာရရာရကြောင်း သိစရာမှတ်စရာတွေဝင်လာနိုင်ဖို့ ဦးနှောက်ဆိုတဲ့တံခါးရယ်၊ ရင်ထဲနှလုံးထဲကို စိတ်ကောင်းစေတနာကောင်းတွေ ဝင်လာနိုင်ဖို့ နှလုံးသားဆိုတဲ့တံခါးရယ် နှစ်မျိုးရှိတယ်ပေါ့သားရယ်။

အလျင်အမြန်တိုးတက်လာနေတဲ့ နည်းပညာခေတ်ကြီးထဲမှာ များပြားလှတဲ့ သင်ယူတတ်မြောက်စရာတွေကို ဦးနှောက်တံခါးကနေ ဝင်ခိုင်းဖို့လိုသလို တစ်ဖက်မှာလည်း စိတ်ကောင်းစေတနာကောင်းတွေ နိုးကြားနေဖို့ နှလုံးသားတံခါးကို ဖွင့်ထားဖို့လိုတာပါပဲသားရယ်။ နှလုံးသားကို ရင့်ကျက်ဖွံ့ဖြိုးလာအောင်လုပ်ပေးဖို့ အရေးကြီးပါတယ်။ သည်အချက်နှစ်ချက်ကို သုတနဲ့ရသလို့သုံးရင် လူငယ်တွေအနေနဲ့ သုတအတွေ့အကြုံနဲ့ ရသအတွေ့အကြုံ နှစ်ဖက်စလုံးဘက်မျှနေဖို့ လိုတယ်လို့ ဖေဖေတော့သဘောရတယ်။

သားရေ...။

သည်ကနေ့လူငယ်တချို့မှာ အတတ်ပညာဆိုင်ရာ အားကောင်းသလောက် နှလုံးသားကိစ္စဘက်မှာ နည်းနည်းများအားလျော့နေသလားလို့ ဖေဖေအောက်မေ့မိတယ်။ သားသတိထားကြည့်လေ။ ဖေဖေတော့ သည်လိုတွေ့မိနေရသလားလို့ပါ။ လူငယ်တချို့ဟာ ပတ်ဝန်းကျင်မှာ ကရုဏာသက်စရာတွေ့လို့မှ ကရုဏာသက်ရကောင်းမှန်းမသိ၊ သနားစရာကောင်းလို့မှ သနားရကောင်းမှန်းမသိဆိုတာမျိုး တွေ့နေရတယ်။ ကရုဏာသက်ရမယ့်အစား ရယ်မောလှောင်ပြောင်နေတာမျိုးတွေကဖြင့် အဆိုးဆုံးပေါ့။ တရားခြင်းနဲ့ မတရားခြင်း၊ မှန်ခြင်းနဲ့ မှားခြင်းကိုမှ ခွဲခြမ်းစိတ်ဖြာမကြည့်နိုင်တာတွေ တွေ့နေရတယ်။

တကယ်တော့ လူဆိုတာ ခံစားမှုရှိတဲ့ သတ္တဝါတစ်မျိုးပါ။ အလှအပကို ခံစားတတ်တယ်။ ပျော်ရွှင်မှု၊ ဝမ်းနည်းမှုတွေကို ခံစားတတ်တယ်။ ကျင်္ဘာရုံ၊ အနိဋ္ဌာရုံတွေကို ခံစားတတ်တယ်။ တန်ဖိုးထားရမယ့်အရာတစ်ခုကို တန်ဖိုးမထားတတ်တဲ့စိတ်အခြေအနေမျိုးဟာ အင်မတန် ဝမ်းနည်းစရာကောင်းပါတယ်။ လူ့အဖွဲ့အစည်းအတွက်လည်း အန္တရာယ်ကြီးမားလှတယ်။ ဒါဟာ နှလုံးသားမယဉ်ကျေးမှုပဲဖြစ်ပါတယ်။ ရသအထိအတွေ့အားနည်းတာကြောင့်လို့ပဲ ဖေဖေအောက်မေ့မိပါတယ်။


ဖေဖေကတော့ သားကို နှလုံးသားရိုင်းပျတဲ့ လူရိုင်းလေးမဖြစ်စေချင်ဘူး။ မရိုးနိုင်တဲ့ ဓာတ်ပြားဟောင်းကြီးကိုထပ်ဖွင့်ရရင် စာကောင်းပေမွန်တွေဖတ်တဲ့အလေ့အကျင့်ကို ပျိုးထောင်ပါလို့ ဆက်ပြီးတိုက်တွန်းနေရမှာပဲ။ ပြီးတော့ အလွှာစုံကလူတွေနဲ့ ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံစေချင်တယ်။ စကားတွေပြောစေချင်တယ်။ သူတို့ပြောတာတွေကို စိတ်ဝင်တစားနဲ့ စူးစူးစိုက်စိုက်နားထောင်စေချင်တယ်။ ခရီးတွေသွားစေချင်တယ်။ တောတွေတောင်တွေ၊ မြစ်ချောင်းတွေ၊ ကျေးငှက်တိရစ္ဆာန်လေးတွေကို ချစ်တတ်စေချင်တယ်။ ကိုယ်လက်လှုပ်ရှားအားကစားတွေ လုပ်စေချင်တယ်။ ကောင်းနိုးရာရာ သီချင်းလေးတွေကိုနားထောင်၊ လိုက်ညည်းနေတတ်တဲ့ အလေ့အထုံမျိုးကအစ ခံစားစေချင်တယ်။

အနှစ်ချုပ်ပြောရရင်တော့ ဖေဖေတို့ဟာ ဦးနှောက်ကြီးဖို့လိုသလို နှလုံးသားကြီးဖို့လည်း လိုအပ်လှပါတယ်။ တံခါးနှစ်ပေါက်ရှိရာမှာ ဦးနှောက်တံခါးကို ကျယ်ကျယ်ဖွင့်ထားပြီး အသိပညာ၊ အတတ်ပညာတွေကို ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ်နေရာပေးသလို နှလုံးသားတံခါးကိုလည်း အကျယ်ပြန့်ဆုံးဖွင့်ထားပြီး စိတ်ကောင်းစေတနာကောင်းများနဲ့ လောကကို အလှဆင်ကြရမယ်။ အခြားသောသူတို့အပေါ် ကောင်းကျိုးနဲ့ ယှဉ်တဲ့ သင့်မြတ်မျှတတဲ့ လူမှုဆက်ဆံရေးကို ပေးနိုင်ရမယ်လေ။

အနောက်နိုင်ငံတချို့က စက်မှုတက္ကသိုလ်တွေ၊ ဆေးကျောင်းတွေမှာ ကျောင်းသားတွေကို ပန်းချီတို့၊ ဂီတတို့ သင်ပေးတာရှိမျိုးရှိတယ်လို့ ဖတ်မှတ်ရဖူးတယ်။ ဒါဟာ ဦးနှောက်နဲ့ နှလုံးသားကို ဟန်ချက်ထိန်းပေးတဲ့ ချိန်ညှိခြင်းတစ်မျိုးဖြစ်မယ်ထင်ပါတယ်။ တစ်ဖက်ဖက်ကအားကြီးပြီး ဟန်ချက်မညီဘဲ အစွန်းရောက်သွားမှာကို ကြိုတင်ကာကွယ်ကြတာဖြစ်မယ်ထင်ပါတယ်။ တကယ်တော့ သားရယ်...၊ ဖေဖေမကြာခဏဆိုခဲ့သလိုပါပဲ။ ဖေဖေတို့ရဲ့ဘဝခရီးမှာ အလေးအမြတ်ပြုပြီး စီးနင်းလိုက်ပါရမယ့်ယာဉ်နှစ်စီးက ချစ်ခြင်းမေတ္တာနဲ့ ဉာဏ်ပညာကလွဲပြီး ဘာများရှိသေးလို့လဲ။

လူတွေကပြောကြတယ်။ သွေးဟာ ရေထက်ပျစ်တယ်တဲ့။ ဖေဖေကလည်း သားကိုမှာချင်ပါတယ်။ မျက်ရည်တွေက သွေးထက်ပျစ်ပါတယ်သားရယ်...။ ရိုင်းပျနေတဲ့နှလုံးသားတစ်စုံက မျက်ရည်တွေကို နားလည်နိုင်မှာမဟုတ်ဘူးလေ။ ဖေဖေကတော့ သားကို ထူးချွန်ထက်မြက်စေချင်တဲ့ ဆန္ဒနဲ့ထပ်တူ နှလုံးသားယဉ်ကျေးမှုရှိတဲ့ လူငယ်လေးတစ်ယောက်လည်း ဖြစ်စေချင်ပါတယ်။ ။

မြန်စာဂုဏ်ရှိခြဆင်း



အရောင်တင်မှုန့်

ညနေစောင်းမှာ ထန်းနေကျော်ရည်လေး မှိဝဲပြီးပြန်လာတဲ့ ဦးလေးတင်မောင်တစ်ယောက် ခြံဝင်းထဲ ခြေတစ်လှမ်းချလိုက်တာနဲ့ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ချွေးမနှစ်ယောက်နဲ့ စကားပြောနေတဲ့ အိမ်ရှင်မဖြစ်သူ ဒေါ်ပိန်သေးက...

“ဟဲ့ ...ဟဲ့ကောင်မတွေ၊ အရောင်တင်မှုန့်ပြန်လာနေပြီနော်” လို့ အသံအုပ်အုပ်နဲ့ သတိပေးလိုက်တော့၊ စကားဝိုင်းက ချက်ချင်းတိတ်သွားတယ်။ တစ်နေ့ကလည်း မြေးအငယ်ကောင်ပေတလူးကို...

“ဟဲ့ကောင်လေး၊ အရောင်တင်မှုန့်, အပြင်သွားပြီလား” လို့ မေးနေသံကို နားစွန်နားဖျားကြားလိုက်ရသေး။ အရောင်တင်မှုန့်ဆိုတာ သူ့ကို ရည်ညွှန်းမှန်းတော့ ဦးလေးတင်မောင် ရိပ်မိနေပြီ။ ဒါပေမဲ့ ဘယ်လို အဓိပ္ပာယ်နဲ့ အရောင်တင်မှုန့်လို့ နာမည်ပေးထားမှန်းတော့ သူမသိ။ သည်နေ့တော့ အိမ်မှာလည်း လူရှင်းနေတုန်းလေး မြေးဖြစ်သူ ပေတလူးကို ချော့မေးရမှာပဲလေ။


“နေစမ်းပါဦးကွ ငါ့မြေးရ၊ အဘ မသိလို့မေးပါဦးမယ်၊ မင်းအဘွားပြောပြောနေတဲ့ အရောင်တင်မှုန့်ဆိုတာက ဘာအဓိပ္ပာယ်တဲ့တုံး”

“အဘကလည်းဗျာ...၊ ဒါလေးတောင်သိဘူးလား၊ အရောင်တင်မှုန့်ဆိုမှတော့ ‘အယုတ်တင်မောင်’ လို့ ပြောတာပေါ့ဗျ”

“တိန်...တွေ့ကြသေးတာပေါ့...မယ်ပိန်ရာ”။ ။

မိုးစလုံး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Sergey Tsivilyov နှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ (၈)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (REW)သို့တက်ရောက်နေသည့် စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Sergey Tsivilyov နှင့် တွေ့ဆုံရာ တွေ့ဆုံဆွေးနွေးပွဲသို့ ရုရှားနိုင်ငံပိုင် စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သော INTER RAO Export နှင့် JSC RosGeo အဖွဲ့အစည်းများ၏အကြီးအကဲများ ပါဝင်တက်ရောက်ကြသည်။

တွေ့ဆုံစဉ်စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာနည်းပညာများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဘူမိရူပဗေဒနှင့်ရေနံအင်ဂျင်နီယာဘာသာရပ်နယ်ပယ်များတွင် လူ့စွမ်းအား အရင်းအမြစ်များမွေးထုတ်နိုင်ရန်အတွက် လုပ်ငန်းခွင်လက်တွေ့သင်တန်းများလက်ခံသင်ကြားပေးမည့်ကိစ္စများ၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းကိစ္စများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ သဘာဝဓာတ်ငွေ့သုံး Gas Turbine များ စွမ်းအားမြှင့်တင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြု၍ ပါးလွှာသဲကြောများမှ သဘာဝဓာတ်ငွေ့ထုတ်ယူရရှိရေး ရှေ့ပြေးစီမံကိန်း(Pilot Project to Extract Natural Gas From Thin Sands Using Artificial Intelligence Technology)အဖြစ် အဖျောက်သဘာဝဓာတ်ငွေ့မြေရှိ တွင်းငါးတွင်းတွင် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC RosGeo ကုမ္ပဏီတို့အကြား လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုခြင်းကို နှစ်နိုင်ငံ စွမ်းအင်ဝန်ကြီးများရှေ့မှောက်တွင်လက်မှတ်ရေးထိုးသည်။ ယခုချုပ်ဆိုခဲ့သည့်စီမံကိန်းသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဉာဏ်ရည်တုနည်းပညာ(AI)ကို အသုံးပြု၍ ပထမဆုံး ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းများ ဆောင်ရွက်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်ရန် အလားအလာကောင်းများရှိသည့် အဖျောက် သဘာဝဓာတ်ငွေ့မြေတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC Ros-Geo ကုမ္ပဏီမှ CEO ဖြစ်သူ Mr. Sergey Ratkov ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာ AI နည်းပညာအသုံးပြုပြီး GeoAudit Technology ဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်သည့်အတွက် အကျိုးဖြစ်ထွန်းလျက်ရှိနေသည့် ရေနံမြေများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့အပါအဝင် မြေအောက်သယံဇာတများအား ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများအား စနစ်ကျစွာစီမံခန့်ခွဲနိုင်ရန်နှင့် Potential ဧရိယာများ ဖော်ထုတ်နိုင်ရန်အတွက် ခေတ်မီနည်းပညာဖြင့် ဘူမိမြေပုံများရေးဆွဲသည့် နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ရေနံအထွက်တိုးရာဖွေခြင်းလုပ်ငန်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒနယ်ပယ်တွင် လူ့စွမ်းအား အရင်းအမြစ်များမွေးထုတ်နိုင်ရန်အတွက် လုပ်ငန်းခွင်လက်တွေ့သင်တန်းများ စေလွှတ်နိုင်ရေးဆိုင်ရာကိစ္စများကို အမြင်ချင်းဖလှယ်ဆွေးနွေးပြီး JSC RosGeo ကုမ္ပဏီပိုင် ရုရှား State Geological Museum အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Gaztroprom International Limited မှ General Director ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံ၍ ထားဝယ်ရေနက်ဆိပ်ကမ်းတွင် ရေနံချက်စက်ရုံ တည်ဆောက်နိုင်ရေး အတွက်အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ လိုအပ်သည့်ရေနံစိမ်းများရရှိရေးနှင့် ထွက်ရှိလာသည့် ရေနံထွက်ပစ္စည်းများကို ပြည်တွင်းတွင်သာမက ဒေသတွင်းနိုင်ငံများသို့ဖြန့်ဖြူးရောင်းချပေးမည့်အလားအလာများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အဆင့်မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးပြီး သက်ဆိုင်ရာပညာရှင်များ ပါဝင်သည့် ဖြစ်နိုင်စွမ်းဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် စေလွှတ်မည့်ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

မြန်မာ-ထိုင်းနယ်စပ် ရေကြီးရေလျှံမှုကာကွယ်နိုင်ရေးအတွက် အစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မြန်မာ-ထိုင်းနယ်စပ် ရေကြီးရေလျှံမှုကာကွယ်နိုင်ရေးအတွက် မယ်ဆိုင်ချောင်းတစ်လျှောက် တူးဖော်ရေးနှင့် မြေထိန်းနံရံပြုလုပ်ရေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ဝမ်ကောင်းရပ်ကွက်ရှိ လမ်းဦးစီးရုံးသာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တာချီလိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများက လက်ရှိတာချီလိတ်မြို့တွင်ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုအခြေအနေ၊ ရေကြီးရေလျှံမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရေထိန်းတမံနှင့် ရေထိန်းတံခါးလုပ်ငန်းများ၊ မယ်ဆိုင်ချောင်း သဲ၊ နုန်းဆယ်ယူမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဌာနအလိုက် ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက ပုန်းထွန်ရပ်ကွက်ရှိ ပေ ၁၄၂၀ ရှိ ကွန်ကရစ်ရေထိန်းနံရံဆောင်ရွက်ထားသည့် အစီအစဉ်၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၁) အနီးရှိ ကွန်ကရစ်ရေထိန်းနံရံလုပ်ငန်း၊ စည်ပင်သာယာရေးဌာနမှမယ်ခေါင်ရေထိန်းတံခါးဆောင်ရွက်နေမှုလုပ်ငန်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ပွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)အနီးရှိရန်အောင်မြေရေထိန်းတံခါးဆောင်ရွက်နေမှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။မြဝတီ

ရန်ကုန်-ပုဂံ ရထားလမ်းပိုင်းအတွင်း အမှတ်(၆၁)အဆန်၊ (၆၂)အစုန် လူစီးရထားပြန်လည်ပြေးဆွဲမည်

နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-အောင်လံ-ပုဂံ ရထားလမ်းပိုင်းပေါ်ရှိ ဆတ်သွားနှင့်ကိုးပင်အကြား တံတားအမှတ်(၃၄၃) ရန်ပယ်ချောင်းကူးတံတားသည် ရေတိုက်စားပျက်စီးခဲ့ခြင်းကြောင့် ရန်ကုန်-အောင်လံ-ပုဂံပြေးဆွဲနေသော အမှတ်(၆၁)အဆန်/(၆၂)အစုန် ရထားများကို စက်တင်ဘာလ ၃၀ ရက်မှစ၍ ယာယီရပ်နားထားခဲ့ရသည်။



မြန်မာ့မီးရထားအနေဖြင့် အဆိုပါပျက်စီးမှုများကို ဦးစားပေးပြုပြင်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာသယ်ယူပို့ဆောင်ပေးနိုင်ရေး အတွက် ပုဂံ-အောင်လံ-ရန်ကုန်လမ်းပိုင်း တွင်ပြေးဆွဲပေးခဲ့သော အမှတ်(၆၂)အစုန် ရထားကို အောက်တိုဘာလ ၂၁ ရက် မှစတင်ပြီး ပုဂံ-ပျဉ်းမနား-ရန်ကုန်ခရီးစဉ်အဖြစ် ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်။

အဆိုပါအမှတ်(၆၂)အစုန်လူစီးရထားကို အောက်တိုဘာလ ၂၁ ရက် (အင်္ဂါနေ့) ည ၆ နာရီတွင် ပုဂံဘူတာမှစတင်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အမှတ်(၆၁)အဆန် ရန်ကုန်-ပျဉ်းမနား-ပုဂံရထားကို အပတ်စဉ်သောကြာနေ့နှင့် အမှတ်(၆၂)အစုန် ပုဂံ-ပျဉ်းမနား-ရန်ကုန်ရထားကို အပတ်စဉ် အင်္ဂါနေ့တို့တွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အမှတ်(၆၁)အဆန် ရထားသည် ရန်ကုန်မှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင်ထွက်ခွာပြီး ပုဂံသို့နောက်တစ်နေ့နံနက် ၆ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၆၂)အစုန်ရထားသည် ပုဂံမှည ၆ နာရီတွင်ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

ခရီးစဉ်အစအဆုံးအတွက် လက်မှတ်ခ အနေဖြင့် ရိုးရိုးတန်း ၁၆၀၀၀ ကျပ်၊ အထက်တန်း ၂၆၀၀၀ ကျပ်နှင့် အိပ်စင်တစ်ဦးလျှင် ၃၄၀၀၀ ကျပ်ဖြစ်ကြောင်းနှင့် လမ်းခရီးတစ်လျှောက်တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနား၊ လယ်ဝေး၊ ဆတ်သွား၊ တောင်ထွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ လေးအိမ်၊ သာမြား၊ ပင်းချောင်း၊ ကျောက်ပန်းတောင်း၊ ငဲ့မင်းမေး၊ ဆုတည်ဘူတာတို့တွင် ရပ်တန့်မည်ဖြစ်သည်။

ရပ်တန့်မည့်ဘူတာများနှင့် လက်မှတ်ခနှုန်းထားများကိုဘူတာများတွင်အသေးစိတ်ထုတ်ပြန်ကြေညာထားပြီးဖြစ်ပြီး ရိုးရိုးတန်းအတွက်လက်မှတ်များကို တစ်ရက်ကြိုတင်၍ လည်းကောင်း၊ အထက်တန်းနှင့်အိပ်စင်အတွက် လက်မှတ်များကို သုံးရက်ကြိုတင်၍လည်းကောင်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟသ်ာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်းစသည့် လမ်းပိုင်းများတွင်လူစီးရထားခရီးစဉ်များ စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ မြဝတီ

ပြောင်းလဲလာသောရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်၏ခြိမ်းခြောက်မှု

ကိုဘုန်း(ထုတ်လုပ်)

လူနှင့်သဘာဝသည် ကမ္ဘာဦးအစကပင် ခွဲခြားမရသောဆက်သွယ်မှုတစ်ရပ်ရှိခဲ့သည်။ သဘာဝသည် ကျွန်ုပ်တို့အား အသက်ရှင်ရန် အခြေခံလိုအပ်ချက်များကိုပေးစွမ်းသကဲ့သို့ တစ်ခါတစ်ရံတွင် ကြောက်မက်ဖွယ်ကောင်းသောဒဏ်ခတ်မှုများကိုလည်း ချမှတ်တတ်သည်။ ငလျင်ကြီးများ၊ ဆိုင်ကလုန်းမုန်တိုင်းများ၊ မီးတောင်ပေါက်ကွဲမှုများ၊ ရေကြီးမှုများသည် လူသားတို့၏များပြားလှသောယဉ်ကျေးမှုများကို ချောက်ချားဖွယ်ရာ ပျက်စီးမှုများခဏခဏဖြစ်ပေါ်စေခဲ့သည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သဘာဝဖြစ်စဉ်တစ်ရပ်ရပ်ကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများ၊ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရသည့် ဘေးဒဏ်များကိုခေါ်ဆိုသည်။ ဤဖြစ်စဉ်များသည် လူ့ထိန်းချုပ်မှုမှလွတ်ကင်းကာ မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆိုကြုံတွေ့နိုင်သည်။ သို့ရာတွင် လူသားများ၏ သဘာဝပတ်ဝန်းကျင်ကို ပြောင်းလဲမှုများ (ဥပမာ - သစ်တောပြုန်းတီးမှု၊ ရာသီဥတုပြောင်းလဲမှု)သည်ဤဘေးအန္တရာယ်များ၏ ပြင်းထန်မှုနှင့် ကြိမ်ဖန်များစွာဖြစ်ပွားမှုကို ပိုမိုမြင့်တက်စေနိုင်သည်။ ထို့ပြင် လူနှင့်တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်း၊ အပင်ရောဂါကြောင့်ဖြစ်စေ၊ ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ ပျိုးခင်းစိုက်ခင်းများပျက်စီးခြင်း၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ယိုဖိတ်မှုကြောင့်ဖြစ်စေ၊ စက်မှုလုပ်ငန်းနှင့် အဏုမြူကြောင့်ဖြစ်စေ ပြည်သူတို့၏အခြေခံအဆောက်အဦများ၊ အသက်အိုးအိမ်ပစ္စည်း၊ အသက်မွေးလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးနှင့်လုံခြုံရေးကို ထိခိုက်ပျက်စီးမှုများလည်းပါဝင်သည်။ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန်၊ ပစ္စည်းဥစ္စာများကို ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုအသိုင်းအဝိုင်းများ၏ သာယာဝပြောရေးကို အာမခံရန်အတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသည် အလွန်အရေးကြီးသည်။ သဘာဝဘေးဆိုသည်မှာ ရှောင်ပြေး၍မရနိုင်သောဖြစ်စဉ်ဖြစ်သဖြင့် ထိရောက်သော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ခြင်းဖြင့် အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများကို သိသိသာသာလျှော့ချနိုင်သည်။

သဘာဝဘေးအန္တရာယ်များသည် လူသားတို့အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ သို့သော် ဤဘေးဒဏ်များကို ကြောက်ရွံ့ထိတ်လန့်နေရန်မလိုအပ်ပါ။ ယဉ်ကျေးမှုတိုးတက်လာသည်နှင့်အမျှ ခန့်မှန်းတွက်ဆမှုစွမ်းရည်နှင့် ကြိုတင်ပြင်ဆင်နိုင်မှုစွမ်းရည်တို့လည်း မြင့်တက်လာသည်။ သဘာဝတရား၏စွမ်းအားကို နားလည်လိုက်နာကာ စနစ်တကျကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ကျွန်ုပ်တို့သည်မလွဲမသွေ ကျရောက်လာမည့် သဘာဝ၏စမ်းသပ်မှုများကို စုစည်းညီညွတ်စွာ ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်သည်။

ပြဿနာကို ဖြေရှင်းနည်းများ

အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့(IDDRR)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာပေါ်တွင် နှစ်စဉ်ကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အလေးထားပြီး ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်အထိ ဆယ်နှစ်တာကာလကို အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်လျှော့ချရေးဆယ်စုနှစ် (The International Decade for Natural Disaster Risk Reduction – IDNDRR)အဖြစ် သတ်မှတ်ခဲ့သည်။ ထိုသို့ ဆယ်စုနှစ်အကောင်အထည်ဖော်ဆောင်ရွက်သော်လည်း ဘေးအန္တရာယ်များကြောင့် ထိခိုက်ခံရမှုများ သိသာစွာလျော့နည်းသွားမှုများမရှိသည့်အတွက် ဆယ်စုနှစ်အစီအစဉ် အကောင်အထည်ဖော်နေဆဲကာလဖြစ်သည့် ၁၉၉၄ ခုနှစ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ပထမဆုံးအကြိမ် ကမ္ဘာ့ညီလာခံကို ကျင်းပပြီး ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ လျော့ပါးရေးတို့နှင့်ပတ်သက်သည့် ယိုကိုဟားမားမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ် ကမ္ဘာ့ညီလာခံကို ဂျပန်နိုင်ငံ ယိုကိုဟြို့ခ်ျကျင်းပပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတွင် ကမ္ဘာလုံးဆိုင်ရာအသိပညာနှင့် လုပ်ဆောင်ချက်များကို မြှင့်တင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၉ ခုနှစ်မှစ၍ အောက်တိုဘာလ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့(IDDRR)အဖြစ် သတ်မှတ်ခဲ့သည်။ ထို့နောက် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ဟရိုဂိုမူဘောင် (၂၀၀၅-၂၀၁၅) ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် မတ်လတွင် တတိယအကြိမ်ကမ္ဘာ့ညီလာခံကိုကျင်းပခဲ့ပြီး ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀) ကိုလည်းကောင်း အသီးသီးရေးဆွဲအကောင်အထည်ဖော်ခဲ့ကြသည်။

ကြိုတင်ပြင်ဆင်ခြင်းဖြင့် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်ရန်ဆောင်ရွက်ခြင်း

ကြိုတင်သတိပေးစနစ်များ၊ မြှင့်တင်ထားသော အဆောက်အအုံများနှင့် ရပ်ရွာမှကြိုတင်ပြင်ဆင်မှုအစီအစဉ်များကဲ့သို့သော ထိရောက်သောဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများသည် ဘေးအန္တရာယ်များအတွင်း အသက်ကယ်ဆယ်ရန်နှင့် ထိခိုက်ဒဏ်ရာရသူအရေအတွက်ကို လျော့ချရန် ကူညီပေးပြီး အကျပ်အတည်းများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းရန် ဆေးဘက်ဆိုင်ရာအဆောက်အအုံများနှင့် အရေးပေါ်ဝန်ဆောင်မှုများ ကြိုတင်ပြင်ဆင်ထားခြင်းသည် ပြည်သူ့ကျန်းမာရေးကို ပိုမိုကာကွယ်ပေးနိုင်သည်။

ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေး သို့မဟုတ် ရေလွှမ်းမိုးမှုကာကွယ်ရေးကဲ့သို့ အန္တရာယ်လျော့ပါးရေးအဆောက်အအုံများကို အကောင်အထည်ဖော်ခြင်းသည် အိမ်များ၊ လုပ်ငန်းများနှင့် အခြေခံအဆောက်အဦများပျက်စီးခြင်းမှကာကွယ်နိုင်ပြီး ရုပ်ပိုင်းဆိုင်ရာပိုင်ဆိုင်မှုများကိုအကာအကွယ်ပေးနိုင်သဖြင့် ပိုင်ဆိုင်မှုပျက်စီးခြင်းကိုလျော့ချနိုင်သည်။ ထို့ကြောင့် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှုကိုလျော့ချပေးကာ စီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ်ဖြစ်ပေါ်မှုကို အထောက်အကူပြုသည်။ ပျက်စီးမှုကိုကြိုတင်တားဆီးခြင်းဖြင့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံးအတွက် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးသိသိသာသာလျော့ကျသွားနိုင်သည်။

ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ပြင်ဆင်မှုကိုမြှင့်တင်ပေးနိုင်သည်။ ထိရောက်သော ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများထားရှိခြင်းသည် ဒေသခံပြည်သူများအား စိတ်အေးချမ်းမှုရရှိစေပြီး ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအတွက် စိုးရိမ်ပူပန်မှုများကို လျော့ချပေးသည်။ ဒီရေတောနှင့် သစ်တောများထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ကျန်းမာရေးကို အကျိုးရှိစေသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသည် နည်းပညာဆန်းသစ်တီထွင်မှုများကို တွန်းအားပေးပြီး ကဏ္ဍမျိုးစုံတွင် အသုံးချနိုင်သောတိုးတက်မှုများဆီသို့ ဦးတည်စေသည်။

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် ဟရိုဂိုမူဘောင်နှင့် ဆန်ဒိုင်းမူဘောင်ပါ လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံ၏ ရေမြေသဘာဝနှင့် တည်ရှိမှုအနေအထားများအရဖြစ်ပွားလေ့ရှိသည့် ဘေးအန္တရာယ်များကို မိမိတို့တွင်ရှိသည့် အရင်းအမြစ်များနှင့် လိုက်လျောညီထွေသော လုပ်ငန်းစီမံချက်များ၊ ဖွဲ့စည်းဆောင်ရွက်မှုများဖြင့် စီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၂၀၁၀ ပြည့်နှစ်မှစပြီး နှစ်စဉ်မပျက်ကျင်းပခဲ့ကာ ကမ္ဘာပေါ်တွင်ဘေးအန္တရာယ်ကျရောက်နိုင်ခြေနှင့် ဖြစ်ပွားနိုင်ခြေများပြားပြီး ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နေရာဒေသများ၊ သက်ရှိ၊ သက်မဲ့များ၊ သဘာဝပတ်ဝန်းကျင်များကို ဖျက်ဆီးခံရမှု၊ ထိခိုက်စေမှု၊ ဆုံးရှုံးစေမှုများမှ ကာကွယ်ပေးနိုင်ရန်၊ လျော့ချပေးနိုင်ရန်၊ လျော့ပါးစေရန်အတွက် ပြီးခဲ့သည့်ဖြစ်စဉ်၊ ဖြစ်ရပ်များအပေါ် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး ကျယ်ပြန့်သည့်အသိပညာဖြန့်ဝေမှုလုပ်ငန်းစဉ်ကြီးဖြစ်ထွန်းလာရေးကို ရည်မှန်းပြီးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင်အမျိုးသားအဆင့်၊ ရပ်ရွာလူထုအဆင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို နိုင်ငံတကာကူညီထောက်ပံ့သူများ၊ အဖွဲ့အစည်းများဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုမှ ကောင်းမွန်တိုးတက်သည့် ရလဒ်ကောင်းများရရှိခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုစောင့်ကြည့်လေ့လာရေး စသောကမ္ဘာမြေထိန်းသိမ်းရေးကိစ္စရပ်များကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ရာ ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂပထမအကြိမ် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာညီလာခံ (First UN Environmental Conference)၊ ၁၉၉၂ ခုနှစ်တွင်ကမ္ဘာမြေထိပ်သီးအစည်းအဝေး (World Earth Summit) စသော ညီလာခံများ၊ အစည်းအဝေးများကို မြန်မာနိုင်ငံသည်တက်ရောက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း (Climate Change Convention)၊ ကျိုတိုသဘောတူစာချုပ် (Kyoto Protocol)၊ Bali Roadmap၊ ပဲရစ်သဘောတူညီချက် (Paris Agreement) အစရှိသည့် စာချုပ်များ၊ သဘောတူညီချက်များစွာအား ကမ္ဘာ့နိုင်ငံအများစုနှင့်အတူ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေအများဆုံးဖြစ်သည့် အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအား ဦးစားပေးကူညီရမည်ဟု ထည့်သွင်းရေးဆွဲပြဋ္ဌာန်းခဲ့သည်။

သဘာဝဘေးအန္တရာယ်များသည် လူသားတို့အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ သို့သော် ဤဘေးဒဏ်များကို ကြောက်ရွံ့ထိတ်လန့်နေရန်မလိုအပ်ပါ။ ယဉ်ကျေးမှုတိုးတက်လာသည်နှင့်အမျှ ခန့်မှန်းတွက်ဆမှုစွမ်းရည်နှင့် ကြိုတင်ပြင်ဆင်နိုင်မှုစွမ်းရည်တို့လည်းမြင့်တက်လာသည်။ သဘာဝတရား၏စွမ်းအားကိုနားလည်လိုက်နာကာ စနစ်တကျကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ကျွန်ုပ်တို့သည် မလွဲမသွေကျရောက်လာမည့် သဘာဝ၏စမ်းသပ်မှုများကို စုစည်းညီညွတ်စွာ ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူသားတိုင်းသည် သဘာဝဘေးအန္တရာယ်မကျရောက်မီကပင် အားလုံးအတူတကွ ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မလွဲမသွေပြုလုပ်ရန်လိုအပ်ပါကြောင်းကို ရေးသားလိုက်ရပါသည်။ ။

စစ်ကိုင်းတိုင်းဒေသကြီးရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၈

ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စစ်ကိုင်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ၌ ဝန်ကြီးဌာနအောက်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်သူကို ဝန်ဆောင်မှုပေးနေသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ဝန်ကြီးဌာနတစ်ခု ဖြစ်ကြောင်း။

ငလျင်ကြောင့် ရုံးဌာနများထိခိုက်ပျက်စီးခဲ့သော်လည်း ဝန်ထမ်းများအနေဖြင့် ရုံးပြန်လည်ပြုပြင်တည်ဆောက်မှုလုပ်ငန်းများကြားမှ ရုံးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ကြိုးစားဆောင်ရွက်လျက်ရှိသည့် အတွက် အသိအမှတ်ပြုကြောင်း၊ လုပ်ငန်းတိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်း၍ လျာထားချက်များ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ရုံးအဆောက်အအုံများကို အမြန်ဆုံးအရည်အသွေးပြည့်ဝစွာ ပြန်လည်ပြင်ဆင်ကြရန်လိုအပ်ကြောင်း၊ ဆက်လက်၍ လည်း ရုံးလုပ်ငန်းများကို အရှိန်အဟုန် မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ပြင်ဆင်နေမှုအခြေအနေ၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ခရိုင်ဘဏ်ခွဲပျက်စီးမှုနှင့် ပြန်လည်တည်ဆောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၁၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ နည်းပြဆရာ၊ ဆရာမများကိုတွေ့ဆုံသည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန ညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ကြီးတို့က ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စက်မှုသင်တန်းကျောင်းရှိ ဝန်ထမ်းများ၊ မိသားစုဝင်များ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်းဖွင့်လှစ်၍ လေ့ကျင့်သင်ကြားနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စက်မှုသင်တန်းကျောင်းများအနေဖြင့် ကျွမ်းကျင်လုပ်သားများကို ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မကြာမီကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဝန်ထမ်းများ၊ မိသားစုဝင်များအား လုံးဆန္ဒမဲပေးနိုင်ရေး စီမံဆောင်ရွက်ပေးရမည် ဖြစ်ကြောင်းမှာကြားပြီး သင်တန်းသားများအား စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှု၊ သင်ထောက်ကူပစ္စည်းများကို လုံလုံလည်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆပ်ပြာစက်ရုံ (မန္တလေး)သို့ ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းများ၊ အဆောက်အအုံများ ပြုပြင်နေမှုအခြေအနေတို့ကို လုံလုံလည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများအား မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ-၂၀၂၅နှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စက်ပစ္စည်းကိရိယာများကိုလည်း သတ်မှတ်ထားသည့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (SoP) များအတိုင်း ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အမြန်ဆုံး စတင်ဆောင်ရွက်နိုင်ရေးအတွက် အချိန်ဇယားများရေးဆွဲ၊ ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး တောင်သူပညာပေးသင်တန်းဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၁၈

အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးတောင်သူပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် ကံဦးကျေးရွာစိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် တောင်သူများ၏ ဒေသစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တောင်သူများအတွက် သဘာဝမြေဩဇာများပေးအပ်သည်။

ထို့နောက် ဒကွိဏ်သိရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းမှ တစ်နိုင်တစ်ပိုင် လုပ်ငန်းထူထောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သည်။

ယင်းနောက် တာဝန်ရှိသူများက ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်ထားသည့် လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရန်အောင်မြင်ရေလှောင်တမံနှင့် ချောင်းမကြီးရေလှောင်တမံရှိပင်မတမံနှင့် ကုန်းကြောတမံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ သုခသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားကြောင်း သိရသည်။

ထွန်းလင်း(ဧရယ္ဝာမြေ)

အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၈

အောက်တိုဘာလ ၁၇ ရက် ည ၁၁ နာရီ ၀၉ မိနစ် ၁၇ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် ၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မရမ်းကုန်းမြို့နယ်၏ မြောက်- အနောက်မြောက်ဘက် ၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၈၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဧလ)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚c	/	၃၃˚c
ရန်ကုန်	၂၄˚c	/	၃၄˚c
မန္တလေး	၂၆˚c	/	၃၃˚c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

တပ်မတော်က သီပေါမြို့အားပြန်လည်ထိန်းချုပ်ရရှိခဲ့သဖြင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ သီပေါမြို့သို့ရောက်ရှိလာရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆို





အစိုးရ၏အုပ်ချုပ်ရေးယန္တရားများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ သီပေါမြို့သို့ရောက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုကြစဉ်။



ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဖြစ်သည့် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ယနေ့တွင် သီပေါမြို့သို့ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာလိုလားကြောင်း၊ ၎င်းတို့၏ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည်လည်ပတ်စေရန် မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်ကဖျက်စီးဆုံးရှုံးခဲ့ရသည့် သီပေါမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

> အစိုးရ၏အုပ်ချုပ်ရေးယန္တရားများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ သီပေါမြို့သို့ရောက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုကြစဉ်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများ

နေပြည်တော် အောက်တိုဘာ ၁၈

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)များကိုဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် သီပေါမြို့အား အောက်တိုဘာလ ၁၇ ရက်တွင် တပ်မတော်ကအပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

သီပေါမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာစည်းစိမ်များကိုစွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှနိမ့်ကျမှုများ၊ တိုက်ပွဲ၏အနှိဉ်စာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က သီပေါဒေသတစ်ဝိုက်အား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက်ယခုကဲ့သို့ဝမ်းမြောက်စွာကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူအချို့မှာလည်း ၎င်းတို့၏နေရပ်ဒေသများသို့ အားခြင်းပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် သီပေါမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာလူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏မြို့/ရွာများရှိနေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများယာယီထိန်းချုပ်ထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာနအဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့်အကြမ်းဖက်သမားများရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



အစိုးရ၏အုပ်ချုပ်ရေးယန္တရားများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ သီပေါမြို့သို့ရောက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုကြစဉ်။

ထို့ပြင် ဒေသခံပြည်သူလူထုအား လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

❖ မြို့မြေများတိုးချဲ့ရာတွင် စိုက်ပျိုးမြေများမထိခိုက်စေရေး ကြိုတင်စဉ်းစားတွက်ချက်ဆောင်ရွက်ကြရန်လို၊ ဒေသတွင်ရှိသည့် ပြည်သူများမပူမပင်ဖြင့် စားသောက်နိုင်စေရေး အမြဲဆန်ဖူလုံမှုရှိအောင် တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ကြရန်လို၊ လယ်ယာများ၊ ကုန်းမြင့်ယာများကို ဖော်ထုတ်သွားရန်လို . . .

❖ စားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများသာမက တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဆိတ်မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန်လို . . .

❖ ဒေသတွင်းပညာတတ်များ ပိုမိုကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင် . . .

★ **ရှေ့ဖုံးမှအဆက်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ရပ်မိရပ်ဖများအား မြို့နယ်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကိုကိုးကျွန်းမြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကိုကိုးကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များအသုံးပြုနိုင်ရေး အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကိုကိုးဆည်မှတစ်ဆင့် သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိမှု၊ ရေသန့်စက်များတပ်ဆင်၍ သောက်ရေသန့်များဖြန့်ဝေပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှလျှပ်စစ်ဓာတ်အားများဖြန့်ဖြူးပေးလျက်ရှိမှု၊ အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကိုကိုးပင်များ စိုက်ပျိုးလျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေးကဏ္ဍလိုအပ်မှု၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအတွက် လိုအပ်မှု၊ ပုဂ္ဂလိက လိုအပ်ချက်များအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ **ကိုကိုးပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်ပြီး ဒေသအတွက် အကျိုးဖြစ်ထွန်းစေရန်အတွက် စိုက်ပျိုးစေခြင်းဖြစ်**ကြောင်း၊ **ကိုကိုးပင်စိုက်ပျိုးခြင်းများတိုးတက်စေရေးအတွက် မိမိတို့ကိုယ်တိုင်ဆက်လက်၍ ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ **ဒေသဝင်ငွေတိုးတက်ရရှိရေးအတွက် ဒေသတွင်နေထိုင်ကြသူများကကြိုးပမ်းဆောင်ရွက်ကြရန်လို**ကြောင်း ဖြည့်စွက်ပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးများက ကိုကိုးကျွန်းဒေသအတွက် လိုအပ်လျက်ရှိသည့် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး သမဝါယမလုပ်ငန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ကျန်းမာ

ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၅ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ ရန်ကုန်ဇုန်(၂) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချောချောစိန်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပရိသတ်များနှင့်တာဝန်ရှိသူများက အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် (ဘားအံ)ပညာရေးဒီဂရီကောလိပ်အသင်းနှင့်(ရန်ကင်း) ပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် (ရန်ကင်း)ပညာရေးဒီဂရီကောလိပ်အသင်းက အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက နေရာအလိုက်နှင့် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများ၊ တတိယ၊ ဒုတိယဆုရအသင်းများကို ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆု ရရှိသည့် (ရန်ကင်း) ပညာရေးဒီဂရီကောလိပ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



မြဝတီ

ရေးကဏ္ဍလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဆက်သွယ်ရေးကွန်ရက်များ တပ်ဆင်ပေးထားမှု၊ ပညာရေးကဏ္ဍအတွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ၦင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိအနေဖြင့်ကိုကိုးကျွန်းမြို့သို့ လာရောက်ခဲ့သည်မှာ ၂၀ ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ **ကိုကိုးကျွန်းမြို့တိုးတက်စေရေး မိမိအနေဖြင့် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်မှစတင်၍ ဆောင်ရွက်ပေးခဲ့**ကြောင်း၊ **ယခုအခါ ယခင်ကနှင့်လုံးဝမတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်မှာ မျက်ဝါးထင်ထင်ပင်ဖြစ်**ကြောင်း၊ မိမိတို့မှ မည်သို့ပင်ဆောင်ရွက်ပေးသည်ဖြစ်စေ ကိုကိုးကျွန်းမြို့မှ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားကြရန်လည်းလိုကြောင်း။

ကိုကိုးကျွန်းမြို့တွင် လယ်မြေများမရှိကြောင်း၊ သွားလာစားသောက်ရေးနှင့် ပတ်သက်၍စိန်ခေါ်မှုများရှိကြောင်း၊ သွားလာရန်ခက်ခဲသည့်အချိန်တွင် စားသောက်ရေးအတွက် အခက်အခဲမဖြစ်စေရန်လိုကြောင်း၊ ထို့ကြောင့် မြို့တွင်နေထိုင်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မြို့နေပြည်သူများအနေဖြင့် ဝိုင်းဝန်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့မြေများတိုးချဲ့ရာတွင် စိုက်ပျိုးမြေများမထိခိုက်စေရေးကြိုတင်စဉ်းစားတွက်ချက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်ရှိသည့် ပြည်သူများ မပူမပင်ဖြင့် စားသောက်နိုင်စေရေး အမြဲဆန်ဖူလုံမှုရှိအောင် တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသ ဝမ်းစာဖူလုံရေးအတွက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

လယ်ယာများ၊ ကုန်းမြင့်ယာများကို ဖော်ထုတ်သွားရန်လိုကြောင်း၊ ထို့သို့ဖော်ထုတ်နိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ စားရေးနှင့်ပတ်သက်၍ ကိုကိုးကျွန်းမြို့တွင် နေထိုင်ကြသည့် ပြည်သူများ၏ အရေအတွက်ကိုတွက်ချက်၍ ပထမအဆင့် ၂၅ ရာခိုင်နှုန်းဖူလုံစေရန်၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်းဖူလုံစေရန်၊ ထိုမှတစ်ဆင့် ၁၀၀ ရာခိုင်နှုန်း ပြည့်မီသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ ဒေသဝမ်းစာပြည့်မီရေးအတွက် ဒေသအကျိုးကိုကြည့်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ရေရှည်ကိုကြည့်၍ စနစ်တကျတွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများသာမက တစ်ပိုင်တစ်နိုင်ကြက်၊ ဝက်၊ ဆိတ်မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကိုကိုးကျွန်းနေပြည်သူများ၏ အချက်အလက်များကို ကောက်ယူ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကိုကိုးကျွန်း ဒေသဖွံ့ဖြိုးတိုးတက်ရေးမြို့ရွာတည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ကိုကိုးကျွန်းဒေသတွင် အခြေခံအားဖြင့် ရှိပြီးဖြစ်သည့် အုန်းပင်များမှ အုန်းထွက်ပစ္စည်းများကို ထုတ်လုပ်၍ရကြောင်း၊ ထို့ကြောင့် ကိုကိုးကျွန်းဒေသမှ အုန်းထွက်ပစ္စည်းများထုတ်လုပ်နိုင်ရေး မိမိအနေဖြင့် ဆောင်ရွက်ပေးထားကြောင်း၊ **ကိုကိုးကျွန်း ဒေသတွင် ယခုထက်ပိုမိုကောင်းမွန်သည့် အုန်းမျိုးများစိုက်ပျိုးနိုင်ရန်လို**ကြောင်း၊ **ဒေသတွင် အခြေခံအကျဆုံးပြည်သူများအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြရန်လို**ကြောင်း။

မိမိတို့ဒေသမှထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့သို့ထုတ်လုပ်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများ မြင့်မားစေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ အတန်းပညာတတ်မြောက်ပြီးသူများကို အိမ်တွင်းထုတ်လုပ်မှုလုပ်ငန်းများကိုသင်ကြားပေးမည်ဆိုပါက ကိုကိုးကျွန်းမြို့တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းတိုးတက်လာမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ကိုကိုးကျွန်းဒေသတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအားလုံးဝိုင်းဝန်း၍ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသတွင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း၊ ထို့ကြောင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် နေထိုင်ကြသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုကိုးကျွန်းမြို့တွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ဒေသ၏ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ မြင့်မားစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ပညာသင်ကြားရာတွင် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို အတန်းအလိုက်ပညာများတတ်ကျွမ်းမှုရှိစေရေး သင်ကြားပေးရန်လိုကြောင်း၊ **ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် တတ်နိုင်သည့် ဘက်မှကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုကိုးကျွန်းမြို့တွင် ပညာသင်ကြားမှုအနေဖြင့် ကျောင်းသားနှင့် ဆရာ၊ ဆရာမ အချို့းကောင်းမွန်သည့်အတွက် ပညာသင်ကြားရေးကို ပိုမိုဆောင်ရွက်နိုင်ပြီး ပညာရည်ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ကြောင်း၊ ဒေသတွင်းပညာတတ်များ ပိုမို ကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်ကြောင်း။

ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့အထက်တန်းကျောင်းအတွက် စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကိုကိုးကျွန်းမြို့နယ်အထက်တန်းကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သို့ တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်း ရတနာများအား ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ပုသိမ်တပ်နယ် အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်များပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်တို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်များပေးအပ်စဉ်။



မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၈-၁၀-၂၀၂၅

သာပေါင်း	၁	ဒသမ ၈၀ လက်မ
နေပြည်တော် (ဒေယျာသီရိ)	၁	ဒသမ ၇၈ လက်မ
လွိုင်လင်	၁	ဒသမ ၆၅ လက်မ
ကျုံပျော်	၁	ဒသမ ၆၁ လက်မ
ခရမ်း	၁	ဒသမ ၄၆ လက်မ
ပင်လောင်း	၁	ဒသမ ၄၆ လက်မ
ရန်ကုန် (ကမ္ဘာအေး)	၁	ဒသမ ၃၀ လက်မ
လေးမျက်နှာ	၁	ဒသမ ၁၅ လက်မ
သာယာဝတီ	၁	ဒသမ ၁၀ လက်မ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets local elders from Cocogyun town, and discusses regional development



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets departmental officials and local elders in Cocogyun town.

NAY PYI TAW October 18

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing held a meeting with departmental officials and local elders from Cocogyun town, Yangon Region, this afternoon, and discussed regional development.

Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, arrived at the Cocogyun airport and were warmly welcomed by departmental officials, local elders, students and local people.

The Senior General then met departmental officials and local elders from Cocogyun town at the town hall and discussed regional development.

Also present were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, senior military officers from the Office of the Commander-in-Chief, the Yangon Region chief minister, the Yangon Command commander, and local people.

The Cocogyun Township administrator presented a report on points of the township, preparations for the election, ongoing awareness campaign on the use of Myanmar Electronic Voting Machine (MEVM), current farming activities and businesses on manageable-scale, drinking water distribution from Coco Dam, installation of water purificators and distribution of safe water, electricity distribution from solar-power plants, sports, education and health sector promotion activities, cocoa plantation, ongoing regional development undertakings, and the local elders and departmental officials, on requirements for the health sector, cottage industries and private sector.



Senior General Min Aung Hlaing presents stationery for the basic education high school in Cocogyun town.

Regarding the presentations, a supplementary discussion was made on the cocoa plantation that is for regional benefit, and further development of cocoa plantation task that calls for greater involvement and efforts of the locals to increase income.

Union ministers explained programs that will fulfil the requirements of Cocogyun area through the establishment of cooperative businesses which are, sewing courses and cottage industries, assistance for development of agricultural activities, programs to look into the requirements of the health sector requirements, installation of communication networks, and programs to fulfil the requirements of education sector.

In his discussions, the Senior General said it is his 20th visit to Cocogyun town. He launched the Cocogyun town development program over ten years ago, and it can be seen that the town is gaining unprecedented progress. Whatever efforts the government is exerting, locals should employ collective endeavours for the progress of their land.

Cocogyun town has no croplands, and is facing challenges in transport and food. Difficulties in transportation should not be followed by food problems. Hence, departmental officials, local elders and townspeople must overcome those obstacles through harmonious efforts. Advanced calculations are needed to protect cultivated areas from the impacts of town extension plans. Officials are responsible for constant rice sufficiency and food safety in the area. Hence, food sufficiency programs must be realized. The Ministry of Agriculture, Livestock and Irrigation will send officials to set up the farmlands and highland cropping areas.

In connection with food consumption, plans should be made to ensure food sufficiency for 25 percent of the population of Cocogyun town in the first phase, 40 percent in the second phase and then 100 percent in the final phase. Collective and careful efforts must be made for ensuring food security in the region in view of its benefit.

In connection with food supplies, it is necessary to carry out manageable level chicken, pig and goat breeding in addition to agriculture. Livestock that are appropriate for the island must be bred. Responsible

See Page - 19►►

►► From Page - 18

officials are required to compile statistics of residents in Cocogyun and measures must be taken to fulfill the needs for their livelihood. Responsible officials are required to take systematic steps for regional development of the island and construction of towns and villages.

In the island area, coconut products can be produced from coconut trees that naturally grow in the area. Therefore, we have taken measures to produce coconut products. It is necessary to grow better coconut species. It is necessary for residents, who are primary stakeholders, to make efforts for development of agriculture and livestock breeding tasks.

Steps must be taken to manufacture value-added products, which require knowledge and skills, in the area. Therefore, efforts must be made to enhance formal education levels. If those who have acquired formal education are trained for production in home industries, manufacturing industries of the town will make progress.

For development of Cocogyun town, departmental officials, local residents and Tatmadaw personnel, who are performing duties on the island must make concerted efforts. Plans are underway to accelerate development of tourism on the island and thus preparations must be made. Local residents are required to make concerted efforts for regional development. It is necessary for responsible officials to take steps to enhance the education and health sectors.

In educating students, teachers are required to teach their students to be actually competent in their respective grades. The government has taken measures to enhance education standards in the entire country. As student-teacher ratios are favourable on Cocogyun, teaching is effective and education standards can be enhanced. Only when there are many educated people, can contributions be made to regional development.

As the government has offered assistance for the development of Cocogyun as much as possible, local residents are required to make concerted efforts for the development of their region.

Then, the Senior General presented foodstuffs for local residents and departmental staff and stationeries for the high school of the town to the township administrator and the headmistress.

After the meeting, the Senior General cordially greeted attendees to the ceremony. **100**

■■ From Page - 21

families. Therefore, it is necessary to encourage everyone to carry out individual farming and cultivation work.

Regarding morale, it is necessary to organize sports competitions, strength contests, sand-track races, film screenings, and seasonal festivals in order to boost the spirit of officers, other ranks, and their families.

Regarding politics, the Tatmadaw, since 2021, assumed responsibility for the affairs of the nation. Elections will also be held in the near future. When casting votes, it is necessary to choose individuals who genuinely consider the interests of both their region and the country, who uphold and follow their threefold duties responsibly, and who have clear political, economic, and defence perspectives. Elections are essential for building a democratic nation, and officers, soldiers, and their families are encouraged to work together to ensure the elections are conducted successfully.

In order to ensure an abundance of educated human resources in our country, the State is carrying out educational reforms; that due to the political situation in our country, the Tatmadaw has to participate in the role of leading national politics; that he wants everyone to spend their free time reading and studying; that reading helps improve our lives; and that after reading and studying literature, we should work to master knowledge and skills, and work to ensure our children become educated.

Subsequently, the Senior General presented food supplies for officers and other ranks and their families from the station, and the wife of the Senior General presented funds for the station Maternal and Child Welfare Association, which were accepted by the Commander of the Naval Base and his wife.

Afterwards, the Secretary of the Commission Joint Executive Chief General Ye Win Oo presented food supplies for officers, other ranks, and their families from the station, which were accepted by a responsible official.

Following the meeting, the Senior General cordially greeted the officers and other ranks.

Next, the Senior General inspected the local cattle breeding efforts at the station cattle farm and provided necessary instructions regarding the reports submitted by the responsible officials.

Subsequently, the Senior General and party toured the island road by motor vehicle, inspected the progress of the connection between Byaing Island and Jerry Island, and based on the reports from responsible officials, instructed them to systematically plant high-quality coconut trees in the vacant land on Cocogyun, to conduct research on utilizing seawater for agricultural purposes to enable farming activities, and provided other necessary instructions.

Afterwards, the Senior General and party arrived at the Cocogyun Farm of the Local Naval Command Headquarters, inspected the survival and successful growth of the cocoa plants, and based on the reports from responsible officials, instructed them to proceed with efforts to further expand the cultivation of cocoa plants, to subsequently proceed with experimental cultivation of lowland coffee, and provided other necessary instructions. **100**

Kalay District to grow more than 15,000 acres of green gram this winter

KALAY October 18

According to Kalay District Agriculture Departmet, local farmers wil grow 15,650 acres of green gram as cold season crops in Kalay District of Sagaing Region this year.

In 2025-2026 cold season, local authorities earmarked 13,660 acres of green gram in Kalay Township, 600 acres in Kalewa Township, and 1,390 acres in Mingin Township, totalling 15,650 acres.

During this year's winter crop season, more than 15,000 acres of green gram are planned for cultivation in Kalay District. Efforts will be made to ensure the full targeted acreage is cultivated. Green gram cultivation has been increasing year by year. To expand cultivation, awareness programs will be conducted, including guidance on using quality and pure seeds to achieve better yields, according to U Aung, Head of the Kalay District Agriculture Department.

This year, the respective Township Agriculture Departments in Kalay District will provide farmers with awareness programs on the use of suitable and pure seed varieties, correct cultivation practices, pest prevention, systematic use of fertilizers, and methods for achieving good yields.

It is also learned that during this year's monsoon crop season, in the cultivation of various pulses, the Agriculture Department has been cooperating with farmers by providing quality seeds, necessary inputs, and post-harvest technologies to ensure good yield and quality of pulse crops. **SK**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Israel identifies body of another hostage returned from Gaza

TEL AVIV October 18

Israeli experts have identified the body of the tenth hostage returned by the Palestinian movement Hamas as part of an agreement with Israel, the office of Israeli Prime Minister Benjamin Netanyahu said on Saturday.

"After the identification procedure was completed by the National Center for Forensic Medical Examination, together with the Israeli police and the military rabbinate, representatives of the Israel Defence Forces informed the family of hostage Eliyahu Margalit that his body had been returned to Israel and the identification procedure had been completed," the office said in a statement.

Hamas must fulfill its obligations to the mediators and return all the abductees as part of the agreement, the office added.

"We will not compromise on this issue and will make every effort until we return all the dead hostages," the office said.

This follows the handover this week of nine out of 28 bodies of Israeli hostages that Hamas had agreed to return.

On Monday, US President Donald Trump, Egyptian President Abdel Fattah Sisi, Qatari Emir Tamim bin Hamad Al Thani and Turkish President Recep Tayyip Erdogan signed a declaration on the Gaza ceasefire. Also on Monday, Hamas handed over all 20 remaining living hostages held in the Gaza Strip since October 7, 2023. In exchange, Israel released 1,718 Palestinian detainees from Gaza and 250 Palestinian prisoners in Israeli jails. **Sputnik**



8 killed, 28 injured as pickup vehicle falls into gorge in India's Maharashtra



NEW DELHI October 18

At least eight people were killed and 28 others injured, 15 of them critically, on Saturday after a pickup vehicle carrying them skidded off the road and fell into a gorge in the western Indian state of Maharashtra, the state broadcaster All India Radio said.

The accident took place near Chandsaili Ghat of Nandurbar district in Maharashtra.

After the accident, police and disaster response forces rushed to the spot to carry out rescue work. The injured were moved to the nearby hospitals.

According to police, the victims were identified as Hindu devotees returning home from a pilgrimage at a local shrine.

Preliminary investigations revealed the accident took place when the driver reportedly lost control of the vehicle while negotiating a sharp curve.

Police have registered a case and ordered an investigation into the accident. **Xinhua**

7 killed in mass shooting in South Africa's Cape Town

CAPE TOWN October 18

Seven men were killed in a mass shooting in Cape Town, Western Cape Province of South Africa, on Friday night, local police have confirmed.

The incident occurred on Road R53 in Philippi East, a suburb in Cape Town's Cape Flats area, where seven men aged between 20 and 30 were fatally shot in what authorities described as a "senseless act of violence."

According to a statement issued Saturday morning by the South African Police Service (SAPS), police in the Western Cape have launched a large-scale manhunt following the shooting.

"Detectives attached to the Provincial Serious and Violent Crimes Unit have been assigned to the case and are pursuing every available lead to identify and apprehend those responsible for this brutal attack," the statement said.

"The Western Cape police management has strongly condemned this senseless act of violence and confirmed that the investigation has been prioritized to ensure that the perpetrators are swiftly brought to justice," it added.

In the statement, Provincial Police Commissioner Thembisile Patekile expressed concern about the level of violence and appealed to community members to assist the police by sharing any information that could aid the investigation.

"Community cooperation is crucial to bringing those responsible to book and restoring safety to our neighborhoods," Patekile said.

The motive behind the shooting remains unclear, and no arrests have been made. **Xinhua**

'Time to make a Deal' – Trump after meeting with Zelensky

WASHINGTON October 18

US President Donald Trump stated on Friday that he had a "very interesting and cordial" meeting with Ukraine's Volodymyr Zelensky, during which he emphasized the need to stop the conflict and reach a peace deal.

"Enough blood has been shed, with property lines being defined by War and Guts," Trump wrote in a Truth Social post.

Trump also suggested that Russia and Ukraine stop where they are, "both claim Victory" and "let History decide." **Sputnik**

Pakistan and Afghanistan to hold peace talks in Doha

ISLAMABAD October 18

Kabul and Islamabad will hold talks in the Qatari capital of Doha on Saturday, the Pakistani Foreign Ministry has said.

The negotiations, which are being brokered by the Qatari government, come after Pakistan carried out airstrikes in Afghanistan's Paktika border province that claimed five lives, including three cricket players.

"A high-level delegation from Pakistan, led by our Minister of Defence, will hold discussions with representatives of the Afghan Taliban in Doha today," the Pakistani Foreign Ministry posted on X. "The talks will focus on immediate measures to end cross-border terrorism against Pakistan emanating from Afghanistan and restore peace and stability along the Pak-Afghan border."

The ministry said Pakistan "does not seek escalation" but urged the Afghan Taliban authorities to honor their commitments to the international community" and address Islamabad's "legitimate security concerns" by taking verifiable action against terrorists in the border regions.

The Asian neighbors agreed to a temporary ceasefire on Wednesday and were invited by the Qatari government to negotiate a permanent truce and address mutual concerns.Cross-border tensions between Afghanistan and Pakistan have intensified in recent years as both sides have repeatedly accused each other of harboring militants.

The countries traded casualty claims after intense fighting last weekend. The Taliban said it had killed 58 Pakistani soldiers, while Islamabad claimed to have captured 19 Afghan border posts.**RT**

SSPC Chairman of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing meets officers, other ranks, families of Cocogyun Station

NAY PYI TAW October 18

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing met officers, other ranks and families of Cocogyun Station and gave instructions to them this morning.

Also present at the meeting were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, senior military officers from the Office of the Commander-in-Chief and their wives, the commander of Yangon Command,



Senior General Min Aung Hlaing holds a meeting with officers, other ranks and families.



Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, cordially greet families of Cocogyun Station.

officers, other ranks and families of Cocogyun Station.

First and foremost, the Senior General said that to improve transportation and connectivity to Cocogyun, the runway of the airport has been extended, and a jetty has been constructed where large ships can dock, significantly enhancing the area compared to before. Since Cocogyun occupies a strategically important location for the country, it is necessary for not only the officers and other ranks serving in the Cocogyun station but also their family members to always live with security awareness and vigilance.

The Tatmadaw is an organization responsible for the defence of the nation. All personnel serving at various levels are required to have a defensive mindset. As members of the Tatmadaw, they must continuously engage in preparatory training to be ready for combat, maintain physical health and strength, uphold courage and resilience, acquire necessary skills, and ensure they are always combat-ready.

To maintain physical strength and resilience, a Tatmadaw member must perform daily physical training exercises consistently. To develop courage and combat skill, they must continually practice traditional Myanmar martial arts, boxing, and other self-defence disciplines. Having courage and combat skill means carrying out duties properly and resolutely for the benefit of the public. Therefore, one must regularly train oneself to maintain this courage. Regarding proficiency, Tatmadaw members must continuously practice handling and using weapons skillfully, ensuring they are always ready for action.

Similarly, if daily office duties related to general staff, adjutant, and quartermaster measures are carried out consistently and systematically, the units will become disciplined. If routine daily tasks are performed without omission, the units will develop competence. In executing tasks, it is necessary to work through check, recheck, and countercheck procedures. Those in charge of administration must supervise systematically, and those assisting must follow rules and procedures diligently. It is also the responsibility of those entrusted with ensuring that officers and other ranks do not lose their entitled rights and privileges to carry out their duties properly and systematically.

We should avoid, as much as possible, consuming alcohol and indulging in entertainment that could harm health and social life. By practicing frugality, everybody should manage their income and expenses fairly and responsibly. Engaging in individual farming and cultivation activities can greatly contribute to the well-being of officers, other ranks, and their

See Page - 19 ■■



Senior General Min Aung Hlaing inspects a cow farm.

ကျောက်မဲမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၌ ကျောင်းသား၊ ကျောင်းသူများ အမြန်ဆုံး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ကျောက်မဲမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာလ ၈ ရက်တွင် လည်းကောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းကို အောက်တိုဘာလ ၁၅ ရက်တွင်လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း(နောင်ပိန်)ကို အောက်တိုဘာလ ၁၆ ရက်တွင်လည်းကောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာလ ၁၇ ရက်တွင်လည်းကောင်း၊ ယနေ့တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းကိုလည်းကောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း ၆ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကျောင်းများ၌ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ပေးအပ်စဉ်။





ကျောက်မဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

အနေဖြင့် ယနေ့တွင် ကျောင်းသား/ကျောင်းသူ ၁၃၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၄၀၂၄ ဦးကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား/ကျောင်းသူများ အားလုံးပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်ရာ စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုသည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘာမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၇၈ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၁ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကိုစုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၆၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၆၆
(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆
(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၈
(၂) ၀၉-၄၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃
(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁
(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆
(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃
(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀
(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁
(၂) ၀၅၉-၂၀၂၃၅၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀
(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၃၃၃၁၈၇
(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃- ၂၀၂၈၈၈၉
(၂) ၀၆၃- ၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၅
(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၅၁၉၈၃၂၃၃
(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃
(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၄၉၄
(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆
(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈
(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၀၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိမ်ထုထဲက ကိုယ်ပျောက်တိုက်လေယာဉ်ကို ရှာဖွေတွေ့မယ့် တရုတ်ရဲ့အာကာသရေဒါ



တရုတ်နိုင်ငံက မကြာသေးမီက ထုတ်ပြန်လိုက်တဲ့သုတေသနတစ်ခုအရ ပြောရမယ်ဆိုရင် သာမန်အားဖြင့် ဖမ်းယူထောက်လှမ်းလို့မရနိုင်တဲ့ ကိုယ်ပျောက်လေယာဉ်များဆိုတာ ရှိလာနိုင်တော့မှာ မဟုတ်ပါဘူး။ ဥပမာအားဖြင့် တခြားနိုင်ငံကို တောင်ထုတ်မရောင်းဘဲ အမေရိကန်ပြည်တွင်းမှာပဲအသုံးပြုနေတဲ့ F-22 Raptor၊ B-21 Raider တို့လိုမျိုးကိုယ်ပျောက်လေယာဉ်များကိုတောင်မှ ဖမ်းယူထောက်လှမ်းနိုင်မယ့်ရေဒါစနစ်ကို တရုတ်နိုင်ငံကဖန်တီးပြီးသက်သေပြထားနိုင်တာကြောင့်ဖြစ်ပါတယ်။

အဲဒီရေဒါစနစ်ကတော့ အာကာသရေဒါစနစ်ဖြစ်ပြီး သူကကမ္ဘာပတ်လမ်းအတွင်းမှာလှည့်ပတ်နေတဲ့ရေဒါစနစ်ဖြစ်ပါတယ်။ တခြားရေဒါတွေနဲ့ကွဲပြားစေတဲ့အချက်က အချက်ပြမှုထုတ်လွှင့်ကိရိယာနဲ့ ဖမ်းယူကိရိယာတို့ကို တစ်နေရာစီထားရှိထားတာဖြစ်ပါတယ်။ ဒါကြောင့် ပစ်မှတ်တစ်ခုရဲ့ ရေပြင်၊မြေပြင်နောက်ခံပုံစံတွေကိုရှင်းလင်းပြတ်သားစွာခွဲထုတ်ပေးနိုင်တဲ့အပြင်ရောင်ပြရေဒါလှိုင်းများကိုလည်း ခွဲခြားသိရှိနိုင်စွမ်းရှိပါတယ်။ ဒီလိုစွမ်းဆောင်ရည်ကြောင့် ကိုယ်ပျောက်တိုက်လေယာဉ်တွေက တိမ်ထုထဲရောက်နေတယ်ဆိုရင်တောင် သူတို့ကိုရှာဖွေတွေ့နိုင်မှာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

စစ်သင်္ဘောများကို လေကာဒိုင်းများအဖြစ် ပြောင်းလဲစေနိုင်မယ့် IRIS-T SLM

ဂျာမနီနိုင်ငံအနေနဲ့ သူတို့အတွက် ကာကွယ်ရေးကဏ္ဍမှာ သမိုင်းမှတ်တိုင်အသစ်တစ်ရပ်ဖိုက်ထူနိုင်စေမယ့်အောင်မြင်မှုတစ်ခုကို မကြာသေးမီကထုတ်ဖော်ပြသမိတ်ဆက်လိုက်ပါတယ်။ Diehl Defence ကုမ္ပဏီက လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်မျိုးကို ထုတ်ဖော်ပြသခြင်းဖြင့် အခုလိုအောင်မြင်မှုသမိုင်းမှတ်တိုင်တစ်ခုကိုစိုက်ထူလိုက်နိုင်တာဖြစ်ပါတယ်။


သူတို့ပြသမိတ်ဆက်တဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်က သမားရိုးကျစနစ်မျိုးမဟုတ်ပါဘူး။ သင်္ဘောပေါ်တင်ဆောင်ပြီးအသုံးပြုနိုင်တဲ့ IRIS-T SLM အမျိုးအစားလေကြောင်းရန်ကာကွယ်ရေးစနစ်ပါ။ ဒီစနစ်ကို ဂျာမနီနိုင်ငံအတွက် နှစ်ပေါင်း ၃၀ အတွင်း အကြီးမားဆုံးသောဒုံးကျည်ပစ်ခတ်မှုပါ စစ်ရေးလေ့ကျင့်ခန်းဖြစ်တဲ့ ပင်လယ်ရေကြောင်းပစ်ခတ်မှုလေ့ကျင့်ခန်း (၂၀၂၅)မှာထုတ်ဖော်ပြသခဲ့တာပါ။

အခုလိုထုတ်ဖော်ပြသရာမှာ Baden-Wurttemberg အမည်ရှိ ဖရီးဂိတ်စစ်ရေယာဉ်ရဲ့ကုန်းပတ်ပေါ်ကနေ IRIS-T SLM စနစ်ရဲ့ ဒုံးကျည်ကိုပစ်လွှတ်လိုက်တာပါ။ အဲဒီပစ်လွှတ်မှုကနေ ရရှိလိုက်တဲ့အကျိုးကျေးဇူးက အလွန်မြင့်မားလှတဲ့ထိမှန်မှုနှုန်းနဲ့ လက်နက်စနစ်က တိုက်ပွဲဝင်အသင့်ဖြစ်နေမှုတို့ကို မြင်တွေ့လိုက်ရတာဖြစ်ပါတယ်။ ဒီစနစ်ကြောင့် စစ်ရေယာဉ်တစ်စင်းကို လေကြောင်းရန်ကာကွယ်ရေးဒိုင်းတစ်ခုအဖြစ် စစ်မြေပြင်၌အသုံးပြုလာနိုင်စေမှာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်



အအေးပေးစနစ်စမ်းသပ်မှုကို ကျော်ဖြတ်နိုင်ခဲ့တဲ့ ACP 100 အသေးစားနျူကလီးယားဓာတ်ပေါင်းဖို



တရုတ်နိုင်ငံက ACP 100 လို့ခေါ်တဲ့ အသေးစားနျူကလီးယားဓာတ်ပေါင်းဖိုတစ်မျိုးကို ဖန်တီးတည်ဆောက်နေတာရှိပါတယ်။ အခုဆိုရင် အဲဒီအသေးစားနျူကလီးယားဓာတ်ပေါင်းဖိုက အအေးပေးစနစ်စမ်းသပ်မှုကို အောင်အောင်မြင်မြင်နဲ့ ကျော်ဖြတ်နိုင်ခဲ့တယ်လို့ ထုတ်ပြန်ထားပါတယ်။ စမ်းသပ်မှုကိုလုပ်ဆောင်တဲ့သူက နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီဖြစ်ပါတယ်။ ဒါကြောင့် ACP 100 က အဏုမြူစွမ်းအင်အေဂျင်စီရဲ့ စမ်းသပ်မှုကို ကျော်ဖြတ်နိုင်ခဲ့တဲ့ ကမ္ဘာ့ပထမဆုံးအသေးစားနျူကလီးယားဓာတ်ပေါင်းဖိုဖြစ်တယ်လို့သူ့ကိုထုတ်လုပ်ထားတဲ့တရုတ်အမျိုးသားနျူကလီးယားကော်ပိုရေးရှင်းကထုတ်ပြန်ထားပါတယ်။

ACP 100 အသေးစားနျူကလီးယားဓာတ်ပေါင်းဖိုက လျှပ်စစ်ဓာတ်အား ၁၂၅ မဂ္ဂါဝပ်ကိုထုတ်ပေးနိုင်ပါတယ်။ ဒါ့အပြင် အပူထွက်ရှိမှုပမာဏက ၃၈၅ မဂ္ဂါဝပ်အထိရှိတယ်လို့ဆိုပါတယ်။ သူ့ရဲ့သက်တမ်းက နှစ်ပေါင်း ၆၀ အထိဖြစ်ပြီး လောင်စာကို နှစ်နှစ်တစ်ကြိမ်သာဖြည့်တင်းပေးဖို့လိုပါလိမ့်မယ်။ တရုတ်နိုင်ငံက အဲဒီဓာတ်ပေါင်းဖိုကို ဟိုင်နန်ကျွန်းမှာတည်ဆောက်နေတာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

ကမ္ဘာ့အကြီးဆုံးဖြစ်လာတဲ့ အပူစွမ်းအင်အသုံးပြု စက်မှုလုပ်ငန်းသုံးဘက်ထရီ



အမေရိကန်နိုင်ငံရှိ ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် Rondo Energy ဆိုတဲ့ကုမ္ပဏီက ကမ္ဘာ့အကြီးဆုံးအဖြစ်တည်ရှိလာတဲ့ အပူစွမ်းအင်အသုံးပြု စက်မှုလုပ်ငန်းသုံးဘက်ထရီအမျိုးအစားကို တရားဝင်ထုတ်ဖော်ပြသလိုက်ပါပြီ။ အဲဒီစနစ်ကို တပ်ဆင်ထားတာက ကယ်လီဖိုးနီးယားပြည်နယ်ရှိရေနံချက်စက်ရုံတစ်ခုမှာပါ။ ဒီစနစ်ကနေထုတ်ပေးနိုင်တဲ့ လျှပ်စစ်ဓာတ်အား ပမာဏက ၁၀၀ မဂ္ဂါဝပ်နာရီရှိပါတယ်။

ဒီစနစ်က နေ့ဘက်မှာဆိုရင် နေရောင်ခြည်စွမ်းအင်ကိုသိုလှောင်သိမ်းဆည်းပြီး အပူစွမ်းအင်များကို စက်ရုံဆီ ၂၄ နာရီပတ်လုံး ပို့လွှတ်ပေးနိုင်စွမ်းရှိပါတယ်။ သီတင်းပတ် ၁၀ ပတ်ကြာစမ်းသပ်မှုရလဒ်များအရဆိုရင် အပူချိန်ကို ၁၀၀၀ ဒီဂရီစင်တီဂရိတ်အထက်မှာထိန်းသိမ်းထားပြီး စွမ်းအင်ပို့လွှတ်မှုကို ၉၇ ရာခိုင်နှုန်းအထိ အဆက်မပြတ်ပို့လွှတ်နိုင်စွမ်းရှိတာကို တွေ့ရှိရပါတယ်။

ဒီစီမံကိန်းကနေပြသလိုက်တဲ့အချက်က ပြည့်ဖြိုးမြဲစွမ်းအင်အနေနဲ့ ဖိအားမြင့်အပူကိုအဆက်မပြတ်ထောက်ပံ့ပေးနိုင်ပြီး စက်မှုလုပ်ငန်းများကို ကာဗွန်ကင်းစင်နိုင်စေမယ်ဆိုတဲ့အချက်ပါပဲ။ **Ref: IE**

ကိုထက်

သစ်သီးများကိုစားသုံးခြင်းက အဆုတ်ကိုလေထုညစ်ညမ်းမှုမှ ကာကွယ်ပေးနိုင်စွမ်းရှိ



သစ်သီးများကိုစားသုံးခြင်းနဲ့ ညစ်ညမ်းမှုဖြစ်ပေါ်နေတဲ့ ပတ်ဝန်းကျင်အခြေအနေမှာ အဆုတ်ကိုကာကွယ်နိုင်စွမ်းတို့ကြားအံ့အားသင့်ဖွယ်ကောင်းတဲ့ ချိတ်ဆက်မှုတစ်ခုကို သုတေသနပညာရှင်များကဖော်ထုတ်တွေ့ရှိလိုက်ပါတယ်။

သုတေသီများရဲ့လေ့လာချက်အရဆိုရင် တစ်ရက်ကို သစ်သီးပမာဏအနည်းငယ်စားသုံးတဲ့အမျိုးသမီးများရဲ့အဆုတ်ဟာ သစ်သီးမစားတဲ့အမျိုးသမီးများရဲ့အဆုတ်နဲ့ယှဉ်တဲ့အခါ လုပ်ဆောင်ရည်ကျဆင်းခြင်းက အနည်းငယ်မျှသာရှိတယ်ဆိုတာကို တွေ့ရှိလိုက်ရတာဖြစ်ပါတယ်။ အဓိကကတော့ သစ်သီးများမှာပါဝင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့်ဖြစ်ပေါ်ရတဲ့ ပျက်စီးမှုအကျိုးဆက်များကို နည်းပါးစေနိုင်တာဖြစ်တယ်လို့ သုတေသီများကဆိုပါတယ်။

ယနေ့ကမ္ဘာ့လူဦးရေ ၉၀ ရာခိုင်နှုန်းကျော်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက ထုတ်ပြန်ထားတဲ့ အန္တရာယ်ကင်းပမာဏထက်ပိုသော လေထုညစ်ညမ်းမှုများနဲ့ ထိတွေ့နေကြရတဲ့အတွက် လက်စတာတက္ကသိုလ်ရဲ့အခုတွေ့ရှိချက်က တကယ့်ကိုအဖိုးတန်တဲ့ ဖော်ထုတ်တွေ့ရှိချက်တစ်ခုပင်ဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

ဇီလန်စကီ၏ တိုမာဟော့ခ်ဒုံးကျည်များ တောင်းဆိုမှုကို ဒေါ်နယ်ထရမ့်က ငြင်းဆိုလိုက်ဟုဆို

ဝါရှင်တန်၊ စစ်ရေး

ယူကရိန်းသမ္မတ ဗိုလိုဒိုမာဇီလန်စကီက အမေရိကန်နိုင်ငံမှ တိုမာဟော့ခ်ဒုံးကျည်များထောက်ပံ့ပေးရန် တောင်းဆိုထားပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထိုတောင်းဆိုချက်ကိုငြင်းဆိုလိုက်ကြောင်း သတင်းအရင်းအမြစ်များ၏ပြောဆိုချက်ကိုကိုးကား၍ Axio သတင်းဌာနကဖော်ပြထားသည်။

ထရမ့်နှင့်ဇီလန်စကီတို့သည် အောက်တိုဘာလ ၁၇ ရက်တွင် တွေ့ဆုံဆွေးနွေးစဉ် အမေရိကန်အနေဖြင့် ယူကရိန်းသို့ တိုမာဟော့ခ်ဒုံးကျည်များထောက်ပံ့ပေးရန် စိတ်ကူးမရှိကြောင်း ထရမ့်ကပြောလိုက်ခြင်းဖြစ်သည်။

ထရမ့်သည် ရုရှားနှင့်ယူကရိန်းတို့ကြားဖြစ်ပွားနေသောပဋိပက္ခများ ငြေငြိမ်းစေရေးအတွက် ကြားဝင်စေ့စပ်ညှိနှိုင်းမှုများ လုပ်နေခြင်းဖြစ်သည်။ ထရမ့်အနေဖြင့် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဖုန်းဆက်ဆွေးနွေးပြီးနောက် ဇီလန်စကီနှင့်တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref: Sputnik

အီရန်နိုင်ငံက နျူကလီးယားလက်နက် မပြန့်ပွားရေး သဘော တူညီချက်ကိုသာ လိုက်နာတော့မည်ဟုဆို

တီဟီရန်၊ နျူကလီးယားအရေး

အီရန်နိုင်ငံအနေဖြင့် အောက်တိုဘာလ ၁၈ ရက်နောက်ပိုင်းမှစ၍ နျူကလီးယားလက်နက်မပြန့်ပွားရေး သဘောတူညီချက်ကိုသာ လိုက်နာတော့မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရက်ချီကပြောသည်။

၂၀၁၅ ခုနှစ်တွင်ရရှိခဲ့သည့် အီရန်နျူကလီးယားသဘောတူညီချက်ကို ထောက်ခံထားသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၂၃၁ သည် အောက်တိုဘာလ ၁၈ ရက်တွင် သက်တမ်းကုန်ဆုံးသည့်အတွက်ထိုသဘောတူညီချက်ပါကန့်သတ်ချက်များသည်လည်း ပျက်ပြယ်သွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် အီရန်၏ နျူကလီးယားအစီအစဉ်ကိုကန့်သတ်ထားခြင်းမရှိသည့် နျူကလီးယားလက်နက်မပြန့်ပွားရေးသဘောတူညီချက်ကိုသာလိုက်နာသွားတော့မည်ဖြစ်ကြောင်း အာဘတ်အာရက်ချီကပြောထားသည်။ **Ref: Sputnik**

အပူပိုင်းမုန်တိုင်း ဖန်ရှန်းဝင်ရောက်မည့်အတွက် ဖိလစ်ပိုင်ပြည်သူထောင်ပေါင်းများစွာ ဘေးကင်းရာရွှေ့ပြောင်း



မနီလာ၊ သဘာဝဘေး

အပူပိုင်းမုန်တိုင်းဖန်ရှန်းသည် ဖိလစ်ပိုင်နိုင်ငံသို့ ဦးတည်လာနေသည့်အတွက် ကမ်းရိုးတန်းဒေသတွင် ရေကြီးမှုများဖြစ်ပွားနိုင်သည်ဟု မိုးလေဝသပညာရှင်များက သတိပေးပြီးနောက် ပြည်သူထောင်ပေါင်းများစွာက အောက်တိုဘာလ ၁၈ ရက်တွင် ဘေးကင်းရာအရပ်သို့ ရွှေ့ပြောင်းကြကြောင်း သိရသည်။

ထိုမုန်တိုင်းသည် လူဦးရေ ၂၇၀၀၀၀ ခန့် နေထိုင်သည့် ကာတန်ဒူးအားနက်ကျွန်းသို့ ဦးစွာဝင်ရောက်မည်ဖြစ်ပြီး ထိုသို့ဝင်ရောက်ချိန်တွင် လေတိုက်နှုန်းသည်တစ်နာရီလျှင် ကီလိုမီတာ ၉၀ ဝန်းကျင်နှုန်းဖြင့်တိုက်ခတ်နိုင်သည်ဟု မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

ထို့နောက် ယင်းမုန်တိုင်းသည် အောက်တိုဘာလ ၁၉ ရက်နံနက်ပိုင်းတွင် လူဇွန်ကျွန်းသို့ဝင်ရောက်မည်ဖြစ်ပြီး မုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းကာ ကမ်းရိုးတန်းဒေသများတွင် အမြင့် ၁ မီတာမှ ၂ မီတာအထိရှိသည့် လှိုင်းများရိုက်ခတ်နိုင်ကြောင်း မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ကြောင့် နိုင်ငံအရှေ့ပိုင်းရှိအယ်ဘေးပြည်နယ်မှ ဒေသခံ ၁၇၀၀၀ နီးပါးနှင့် ကာတန်ဒူးအားနက်ကျွန်းမှ ဒေသခံ ၉၀၀၀ ကျော်တို့သည် ကုန်းမြင့်ဒေသများသို့ရွှေ့ပြောင်းနေထိုင်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ကောင်စွာကြိုတင်လေ့ကျင့်ထားသည့်အတိုင်း လုပ်ဆောင်လိုက်နိုင်ကြောင်း တာဝန်ရှိသူများက ပြောထားသည်။ **Ref: AGC**

တရုတ်နိုင်ငံပိုင် လေကြောင်းလိုင်းက ရှန်ဟိုင်း-ဒေလီ လေကြောင်းခရီးစဉ်ကို ပြန်လည်စတင်မည်

ပေကျင်း၊ ချစ်ကြည်ရေး

တရုတ်နိုင်ငံပိုင်လေကြောင်းလိုင်းတစ်ခုဖြစ်သည့် China Eastern Airlines သည် ရှန်ဟိုင်း-ဒေလီ တိုက်ရိုက်လေကြောင်းခရီးစဉ်ကို နိုဝင်ဘာလ ၉ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ထိုလေကြောင်းလိုင်း၏ ဝက်ဆိုက်က အောက်တိုဘာလ ၁၈ ရက်တွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြားဆက်ဆံရေးသည် နှစ်အနည်းငယ်ကြာအေးခဲနေရာမှ ပြန်လည်နွေးထွေးမှုရှိလာသည့်အတွက် နှစ်နိုင်ငံကြားတိုက်ရိုက်လေကြောင်းခရီးစဉ်ကို ပြန်လည်စတင်လာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ခုနစ်နှစ်အတွင်းပထမဆုံးအဖြစ် တရုတ်နိုင်ငံသို့သွား၍ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံပြီးနောက် ယခုကဲ့သို့နှစ်နိုင်ငံကြားဆက်ဆံရေးပြန်လည်နွေးထွေးကာ တိုက်ရိုက်လေကြောင်းခရီးစဉ်များကို ပြန်လည်စတင်လာခြင်းဖြစ်ကြောင်းသိရသည်။

Ref: AGC

တောင်ကိုရီးယား၌ ဆရာဝန်များ၏ လပေါင်း ၂၀ ကြာဆန္ဒပြမှု အဆုံးသတ်ပြီဟုကြေညာ



ဆိုး၊ ပြည်တွင်းရေး

တောင်ကိုရီးယားနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော ဆရာဝန်များ၏ဆန္ဒပြမှုများသည် လပေါင်း ၂၀ ကြာမြင့်ပြီးနောက် ယခုအခါ အဆုံးသတ်သွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ထုတ်ပြန်ကြေညာသည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ဆရာဝန်များဆန္ဒပြမှုကြောင့် ထုတ်ပြန်ထားသော အမြင့်ဆုံးအဆင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကို အောက်တိုဘာလ ၁၉ ရက်တွင် ရုပ်သိမ်းပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးကပြောထားသည်။

၂၀၂၄ ခုနှစ်တွင် အစိုးရကဆေးကျောင်းဝင်ခွင့်သတ်မှတ်ချက်များကို လျှော့ချပေးပြီး ဆေးကျောင်းသားများကိုပိုမိုတိုးမြှင့်ခေါ်ယူရန်လုပ်ဆောင်လာသည့်အစီအစဉ်အပေါ် ဆရာဝန်ထောင်ပေါင်းများစွာက ကန့်ကွက်ဆန္ဒပြမှုများနှင့်အတူ အလုပ်မှနုတ်ထွက်မှုများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အစိုးရက ကျန်းမာရေးကဏ္ဍတွင် အရေးပေါ်အခြေအနေကြေညာချက်ကိုထုတ်ပြန်ခဲ့ရခြင်းဖြစ်သည်။

သို့သော် ယခုအခါ ဆရာဝန်များစွာက ဆန္ဒပြမှုများကိုရပ်ဆိုင်းပြီး လုပ်ငန်းခွင်သို့ပြန်ဝင်လာမှုများရှိသည့်အတွက် ထုတ်ပြန်ကြေညာထားသောအရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းလိုက်ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးကပြောထားသည်။

Ref: ST

အမေရိကန်နှင့်တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲကို မလေးရှားနိုင်ငံ၌ကျင်းပရန်စီစဉ်ထား

ဝါရှင်တန်၊ စီးပွားရေး

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြားကုန်သွယ်ရေးဆွေးနွေးပွဲကို လာမည့်သီတင်းပတ်တွင် မလေးရှားနိုင်ငံ၌ကျင်းပရန်စီစဉ်ထားကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်ဆန့်ကပြောသည်။

စကော့ဘတ်ဆန့်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် ဟီလိုင်ဖန်းတို့က ကုန်သွယ်ရေးဆွေးနွေးပွဲကိုကျင်းပကာ ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံကြား ကုန်သွယ်ရေးတင်းမာမှုများ ပြန်လည်ဖြစ်ပေါ်လာမှုကို လျှော့ချနိုင်ရေးကြိုးပမ်းသွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ဂျမေဆန်ဂရီယာနှင့်အတူတက်ရောက်သွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံမှသမ္မတများတွေ့ဆုံဆွေးနွေးရေးအတွက်ပါ စီစဉ်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း စကော့ဘတ်ဆန့်ကပြောထားသည်။

တရုတ်နိုင်ငံမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်းသည် တရုတ်နိုင်ငံအပေါ် ချမှတ်ရန်စီစဉ်ထားသော သွင်းကုန်အခွန်များ သိသိသာသာတိုးမြှင့်ကောက်ခံမှုကို လျော့နည်းစေနိုင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မှတ်ချက်ပြုပြောပြီးနောက် စကော့ဘတ်ဆန့်က ယခုကဲ့သို့ထုတ်ပြန်ခြင်းဖြစ်ကြောင်း သတင်းဌာနများက ဖော်ပြထားသည်။

Ref: ST



ပွင့်ဖြူမြို့နယ်၌ ကျောင်းအခြေပြု ဆုံဆို့ မေးခိုင်နှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး


ပွင့်ဖြူ အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ကျောင်းအခြေပြု အသက် ငါးနှစ်မှ ခုနစ်နှစ် ကျောင်းသား၊ ကျောင်းသူများအား ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေး နှင့် အသက်ကိုးနှစ်အရွယ် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာ ကွယ်ဆေးထိုးနှံပေးခြင်းကို အောက်တိုဘာလ ၁၇ ရက်က ရှောက်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ မကြီးကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်း နှင့် ကံသာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့၌ ကွင်းဆင်းဆောင်ရွက် ကြောင်း သိရသည်။

ထိုသို့ ကျောင်းအခြေပြုကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲလင်းတိုးဦးဆောင်သော ကျန်းမာရေး ဝန်ထမ်းများက ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြော သည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ရှောက်တောကျေးရွာအခြေခံပညာမူလ တန်းကျောင်း၊ မကြီးကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းနှင့်ကံသာကြီး ကျေးရွာအခြေခံပညာအထက်တန်းကျောင်းတို့ရှိ ကျောင်းသား၊ ကျောင်းသူများကို လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်၍ ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများကို စနစ်တကျထိုးနှံပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးအသိပညာဗဟုသုတ တိုးပွားစေရေးနှင့် ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြား နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်း၊ ကျောင်းအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အခြေခံပညာ အထက်တန်းအဆင့်သင် ဆရာ ဆရာမများ အရည်အသွေးမြှင့်ဆွေးနွေးပွဲကျင်းပ



မြိတ် အောက်တိုဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အခြေခံပညာအထက်တန်းအဆင့် ဓာတု ဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်သင် ဆရာ၊ ဆရာမများအနေဖြင့် သင်ထောက် ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြား နိုင်ရန်နှင့် ဆရာ၊ ဆရာမများ၏သင်ကြား မှုအရည်အသွေးများကို မြှင့်တင်ပေးရန် ရည်ရွယ်၍ အခြေခံပညာအထက်တန်း အဆင့်သင် ဆရာ၊ ဆရာမများ အရည် အသွေးမြှင့်ဆွေးနွေးပွဲကို အောက်တိုဘာ လ ၁၈ ရက်တွင် မြိတ်တက္ကသိုလ် ပုလဲ သစ္စာခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြိတ်ခရိုင် စီမံ ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားပြီး မြိတ်တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိက သင်ထောက်ကူ ပစ္စည်းများ လက်တွေ့အသုံးချသင်ကြား နိုင်ရေး ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အစီအစဉ်များကို ရှင်းလင်းပြောကြား သည်။ ထို့နောက် မြိတ်ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က ဆွေးနွေးပွဲနှင့်ပတ်သက် ၍ ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲကို စတင်သည်။

အဆိုပါဆွေးနွေးပွဲကို မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်၊ တနင်္သာရီ မြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့မှ ဓာတု ဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်သင် ဆရာ၊ ဆရာမ စုစုပေါင်း ၂၆၄ ဦး တက် ရောက်ကြပြီး မြိတ်တက္ကသိုလ်မှ ဆရာ၊ ဆရာမ ၁၇ ဦးက အောက်တိုဘာလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဘာသာရပ် အလိုက် ဆွေးနွေးပို့ချပေးကြောင်း သိရ သည်။

ခိုင်ထူး(ပြန်/ဆက်)

ကျိုက်လတ်မြို့နယ်၌ ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့်စိုက်ပျိုးနည်း သရုပ်ပြ



ကျိုက်လတ် အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင် မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီ ပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးနည်းသရုပ် ပြပွဲကို အောက်တိုဘာလ ၁၇ ရက်က ရုံးဒေါင့်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန် ရှိသူများက စိုက်ပျိုးမည့် ကော်ဖီပျိုးပင် များကို ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင် နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာန ဦးစီးမှူး ဦးအောင်ဖုန်းနှင့်ဝန်ထမ်း များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက စုပေါင်း ၍ ကော်ဖီပျိုးပင်များစိုက်ပျိုးကြသည်။

ကော်ဖီတွင် ရောဂါပိုးမွှားများကိုတိုက် ဖျက်ကာကွယ်ပေးနိုင်သည့် ခန္ဓာကိုယ် အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်း (ခေါ်) Antioxidant အာဟာရဓာတ်သတ္တုများ ပါဝင်နေခြင်း၊ ခန္ဓာကိုယ်အတွင်းအဆီ လောင်ကျွမ်းမှုကိုအားပေးကူညီနိုင်ခြင်း၊ အသည်းကိုအားကောင်းစေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သည့်အတွက် စိုက်ပျိုးသင့်ကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)

ဘိုကလေးမြို့နယ် ကံစုကျေးရွာ၌ ကျောင်းသား ကျောင်းသူများ ဗဟုသုတတိုးပွားစေရေး အသိပညာပေးဟောပြော

ဘိုကလေး အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သစ်ဖြူချောင်းကျေး ရွာအုပ်စု ကံစုကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း၌ အောက်တိုဘာ လ ၁၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံး သူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်း သား၊ ကျောင်းသူများ ဗဟုသုတတိုးပွား စေရေး အသိပညာပေးဟောပြောပွဲအခမ်း အနား ကျင်းပသည်။

အခမ်းအနားသို့မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်၊ မြို့နယ်စားသုံးသူ ရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းအေး၊ ကံစုကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေ မြင့်က အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်စားသုံးသူ ရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းအေး က သက်တမ်းလွန်အစားအသောက်များ၊ ဆိုးဆေးပါသော အစားအသောက်များ၊ ကုန်အညွှန်းအမှတ်တံဆိပ် မပါဝင်သည့် အစားအသောက်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသ၊ စာအုပ်စာပေများ၊ နံရံကပ်စာစောင် များကို ပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲနှင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးဆွေးနွေး



ပြည် အောက်တိုဘာ ၁၈


ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲနှင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အခြေခံပညာအထက်တန်းသင် ဆရာ၊ ဆရာမများအရည်အသွေးမြှင့်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၈ ရက်နံနက်ပိုင်းတွင် ပြည်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမျိုးသားပညာရည်မြင့်မားရေးနှင့်လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက်ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး ပြည်တက္ကသိုလ် အနုပညာအသင်းမှ ကျောင်းသား၊ ကျောင်းသူများအဖွဲ့က အလှကမ္ဘာမြေသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် တာဝန်ရှိသူများက ပြည်တက္ကသိုလ် ဝိဇ္ဇာ/သိပ္ပံဆောင်များ၌ တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲနှင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးသင်ကြား/သင်ယူဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အခြေခံပညာအထက်တန်းသင်ကြားရေး ဆရာ၊ ဆရာမ စုစုပေါင်း ၁၃၇၀ ဦးတက်ရောက်ကြပြီး ဆွေးနွေးပွဲကာလမှာ အောက်တိုဘာလ ၁၈ ရက်မှ ၁၉ ရက်အထိဖြစ်ကြောင်းသိရသည်။ **ကိုဆက်(ပြန်/ဆက်)**



၂၀၂၅ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေး

ကြံခင်း အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ခွဲ)၌ ၂၀၂၅ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ထုတ်ချေးပေးလျက်ရှိသည်။

ရှေးဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)(ကြံခင်း)မန်နေဂျာ ဒေါ်လွင်လွင်ဦးက တောင်သူများအား နှစ်စဉ်အောက်တိုဘာလကုန်ရက်တွင် ဆောင်းသီးနှံစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိပြီး ယခုနှစ်တွင် တောင်သူများအဆင်ပြေစေရန်အတွက် နိုင်ငံတော်ကဆောလျင်စွာ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် သီးနှံထွက်ရှိလာပါက သတ်မှတ်ရက်များတွင် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ချေးငွေများစတင်ထုတ်ချေးရာတွင် ရွာသစ်ရပ်ကွက်နှင့် ရွှေတောင်စုရပ်ကွက်ရှိတောင်သူ ၆၁ ဦးအား စိုက်ဧက ၂၈၇ အတွက် တစ်ဧကာ ငွေကျပ်တစ်သိန်းနှုန်းဖြင့် စိုက်ပျိုးစရိတ်ငွေကျပ် ၂၈၇ သိန်း ထုတ်ချေးပေးလျက်ရှိသည်။

ယခုနှစ် ဆောင်းရာသီတွင် ကြံခင်းမြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၂၄ အုပ်စုမှ တောင်သူစုစုပေါင်း ၃၂၃၂ ဦး၊ နွေစပါး ၅၀၉ ဧကာ၊ ပဲနှင့်အခြားသီးနှံ ၁၆၆၄၈ ဧကာ စုစုပေါင်း ၁၇၁၅၇ ဧကာအတွက် ငွေကျပ် သိန်း ၁၇၄၁၁ ဒသမ ၅၀ ထုတ်ချေးပေးရန် လျာထားကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှသိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

MWD Education, Knowledge & Sports Channel

၁၉-၁၀-၂၀၂၅(တနင်္ဂနွေ)

၁။	၀၈:၀၀	- ၁၀:၀၀	Grade - 11	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ်(၁)
၂။	၁၂:၀၀	- ၁၄:၀၀	Grade - 11	ဓာတုဗေဒ၊ ရူပဗေဒ
၃။	၁၆:၀၀	- ၁၇:၅၅	Grade - 11	ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင်
၄။	၁၇:၅၅	- ၁၈:၃၅	Grade - 11	သမိုင်း၊ ဘောဂဗေဒ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၄၊ ၀၉-၃၄၉၀၃၈၈၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၅၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(၌) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(၎) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

Professional Boxing Matches–7 (PBM 7)ပြိုင်ပွဲများကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

Myanmar Boxing Commission မှကျင်းပသည့် Professional Boxing Matches–7 (PBM 7)ပြိုင်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားရုံ၌ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၏ ခြောက်ချိုပြိုင်ပွဲ Bantam ဝိတ်တန်းတွင် ရဲရင့်(MBC Boxing Club)နှင့် ညီညီမင်းမြတ်(Pyapon Club)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ရဲရင့်၏လက်သီးထိုးချက်များက မြန်ဆန်လှပြီး ညီညီမင်းမြတ် အထိနာခဲ့သည်။ ပထမအချီမှာပင် လက်ရည်မမျှသည့်အတွက် ညီညီမင်းမြတ်အရှုံးပေးလိုက်ရသည်။

ထို့အတူ Super Bantam ဝိတ်တန်းတွင် ဇိုင်းဒန့်အောင်(MBC Boxing Club)နှင့် ဆန်းသူအောင်(Smart Fight Club)တို့ပွဲတွင် သူတစ်ပြန်ကိုယ်တစ်ပြန် နှစ်ဦးသားအနိုင်မခံအရှုံးမပေးဘဲ အကြိတ်အနယ်အချီပြည့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြ၍ ပရိသတ်အကြိုက်တွေ့သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။ ၎င်းပွဲစဉ်တွင် အမှတ်ပေးဒိုင်များက ဇိုင်းဒန့်အောင်ကို အနိုင်ပေးခဲ့သည်။

လေးချိုပြိုင်ပွဲ Super Bantam ဝိတ်တန်းပြိုင်ပွဲများတွင် မောင်မောင်ဦး (Thanlyin Club)နှင့် စိုင်းအောင်ခန့်(NSMA Club)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ အနိုင်အရှုံးမပေါ်သည့်အတွက်အမှတ်ပေးဒိုင်ဆုံးဖြတ်ချက်ဖြင့် မောင်မောင်ဦးအနိုင်ရရှိသည်။ အလားတူ ရဲမိုးအောင်(MBC Boxing Club)နှင့် ဥာဏ်လင်းအောင်(Northern Star Club)တို့ပြိုင်ပွဲတွင် နှစ်ဦးစလုံး အနီးကပ်ရင်ဆိုင်ထိုးသတ်ခဲ့ကြပြီး အမှတ်ပေးဒိုင်များ၏အဆုံးအဖြတ်ဖြင့် ရဲမိုးအောင် အနိုင်ရရှိသွားသည်။

Feather ဝိတ်တန်းပြိုင်ပွဲတွင် ထက်ဝင်းကျော်(Dawnathawe Club)နှင့် အောင်ကောင်းမြတ် (Pyapon Club)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း ပူးတွဲသရေဖြင့်သာ အဆုံးသတ်ခဲ့သည်။

မြန်မာလက်ဝှေ့ကော်မရှင်(MBC)သည်



ကမ္ဘာ့လက်ဝှေ့ကောင်စီ WBC ၏အဖွဲ့ဝင်ဖြစ်ပြီး မြန်မာဘောက်ဆာများကို ဂျပန်နှင့် ထိုင်းသို့ ပို့ဆောင်ယှဉ်ပြိုင်စေလျက်ရှိသည်။ ယနေ့ပြိုင်ပွဲကို ဂျပန်ဘောက်ဆင်ကော်မရှင်(JBC)မှ ဒိုင်ချုပ်ဖြစ်သူ မစ္စတာတာနာကာက လာရောက်ကြီးကြပ်ခဲ့ကြောင်း သိရသည်။

ဝန်းရံခ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
ရေနှင့်သန့်ရှင်းမှုဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
(၆/၂၀၂၅-၂၀၂၆)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ဆောင်ရွက်မည့်လုပ်ငန်းအမည်-
(၁) ဒုဋ္ဌဝတီရေပေးရေးလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း
(ခ) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်
(ဂ) တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၃၀)ရက်
(ဃ) တင်ဒါအချက်အလက်ရှင်းလင်းမည့်နေ့ - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်
(င) တင်ဒါအာမခံကြေး(၁%)ပေးသွင်းခြင်း - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၆)ရက်
(စ) တင်ဒါပုံစံလက်ခံခြင်း - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်
(ဆ) တင်ဒါပုံစံလက်ခံစာရင်းပိတ်ခြင်း - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၆)ရက်
(ဇ) တင်ဒါဖွင့်မည့်နေ့ - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၇)ရက်
(ဈ) တင်ဒါလျှောက်လွှာဈေးနှုန်း - တစ်စောင်လျှင် ၁၅၀၀၀/-ကျပ်ငွေ

၂။ တင်ဒါပုံစံများအား (၁၇-၁၀-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း-၀၉-၂၂၁၆၇၅)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရေနှင့်သန့်ရှင်းမှုဌာန

ပျောက်ဆုံးကြောင်း
ထွန်းမင်းခန့်(ဘ)ဦးမောင်ငွေ၉/တသန(နိုင်) ၁၃၉၃၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၁၇၇၄၄

ပျောက်ဆုံးကြောင်း
မင်းထက်ကျော်ဇင်(ဘ)ဦးမောင်မြင့်နွယ် ၁၁/စတန(နိုင်)၀၈၀၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 747054)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၇၀၁၁၀၄

အမည်ပြောင်း
ပဲခူးမြို့ အ.ထ.က(ခွဲ)(၄)ကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော အဘ ဦးစောလင်းထက်၏သား မောင်ခွဲလင်းထက်အား မောင်ကျော်ဇေမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ကျော်ဇေမင်း

ပျောက်ဆုံးကြောင်း
နန္ဒာစိုး(ဘ)ဦးဝင်းရွှေ ၁၀/ရမန(နိုင်) ၂၃၃၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၇၅၅၂

ပျောက်ဆုံးကြောင်း
ဥမ္မာခင်(ဘ)ဦးဆန်းဝင်း ၁၄/ကကန(နိုင်) ၁၁၉၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၄၇၆၄၅၁၉

ပျောက်ဆုံးကြောင်း
စိုးချမ်းဦး(ဘ)ဦးချစ်သန်း ၁၀/လမန(နိုင်) ၀၀၃၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

ပျောက်ဆုံးကြောင်း
ဝင်းမြတ်အောင်(ဘ)ဦးစိန်ထွန်း ၁၀/ပမန(နိုင်)၂၁၃၇၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၇၄၀၀၀၄၆

ပျောက်ဆုံးကြောင်း
ခင်ခင်ထား(ဘ)ဦးကိုကိုး ၁၁/သတန(နိုင်) ၀၄၁၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
ဝါဝါဝင်းထိန်(ဘ)ဦးဝင်းထိန် ၁၄/မမန(နိုင်) ၁၄၉၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၅၁၁၁

ပျောက်ဆုံးကြောင်း
ခင်သန်းနွယ်(ခ)ခင်ယုနွယ်(ဘ)မာကြင်ထင်(ခ)ဦးထွန်းရွှေ ၅/အတန(နိုင်)၀၅၂၄၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၅၀၃၃၈၅၈

ဝမ်းနည်းကြေကွဲခြင်း
ဦးသောင်းရွှေ
အသက်(၈၂)နှစ်

ကိုစိုးနောင်ဦး၏ဖခင်ဖြစ်သူ ဦးသောင်းရွှေသည် ၁၈-၁၀-၂၀၂၅ ရက်နေ့၊ မွန်းလွဲ(၁၂:၄၉)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ ကျောင်းဆင်းများနှင့်မိသားစုများ

အမည်ပြောင်း
ပဲခူးမြို့၊ BBS ကိုယ်ပိုင်အထက်တန်းကျောင်းမှ အဘ ဦးသန်းစိုးနိုင်၏သမီး Pre KG မှ မရွှေယွန်းခေတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မရွှေယွန်းခေတ်

အမည်ပြောင်း
ပဲခူးမြို့၊ BBS ကိုယ်ပိုင်အထက်တန်းကျောင်းမှ အဘ ဦးသန်းစိုးနိုင်၏သမီး Grade-5 မှ မခင်ပြည့်စုံစိုးအား မခင်ပြည့်စုံဟု ပြောင်းလဲခေါ်ဆိုပါရန်။
မခင်ပြည့်စုံ

ပျောက်ဆုံးကြောင်း
ထွန်းထွန်းအောင်(ဘ)ဦးအောင်ရွှေဘ၀/မလမ(နိုင်)၂၁၇၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၁၄၈၂၆

ပျောက်ဆုံးကြောင်း
အိမွန်(ဘ)ဦးငွေသိန်း ၁၀/မဒန(နိုင်)၂၂၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၀၉၀၉၄၄၄

အမည်မှန်
ပဲခူးမြို့၊ EC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 မှ ကျောင်း၀င်အမှတ်(၀၀၈၁၁) မောင်စိုးကျော်စွာ၏ဖခင်အမည်မှန်မှာ ဦးသိန်းဇော်လှိုင်ဖြစ်ပါကြောင်း။
ဦးသိန်းဇော်လှိုင်

ပျောက်ဆုံးကြောင်း
မင်းထွန်းအောင်(ဘ)ဦးစိုးသိန်း ၁၀/ကမရ(နိုင်)၁၃၄၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၅၅၆၁၆

ပျောက်ဆုံးကြောင်း
ဇော်မင်းထွေး(ဘ)ဦးစိန်ကေး ၁၀/လမန(နိုင်)၀၁၉၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၉၃၀၉၂

ပျောက်ဆုံးကြောင်း
ကျော်နိုင်လင်း(ဘ)ဦးကျော်မြင့် ၁၂/သဃက(နိုင်)၁၆၂၅၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၃၃၇၆၃၀၀၉

ပျောက်ဆုံးကြောင်း
မင်းလွင်(ဘ)ဦးကျော်ငြိမ်း ၁၂/တမန(နိုင်) ၀၁၀၇၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၅၃၁၄၃၃

ပျောက်ဆုံးကြောင်း
ယဝေညိမ်း(ဘ)ဦးလှမျိုး ၁၂/တမန(နိုင်) ၁၁၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၁၀၂၂၆၄

ပျောက်ဆုံးကြောင်း
ဇော်ဝင်း(ဘ)ဦးချစ်သွင် ၁၀/ရမန(နိုင်) ၀၇၆၇၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၁၉၆၇၁၇

ပျောက်ဆုံးကြောင်း
ဌေးဌေး(ဘ)ဦးအုံးရိုန် ၁၀/မဒန(နိုင်) ၁၉၆၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၇၆၇၇၁၇

ပျောက်ဆုံးကြောင်း
ချိုချိုငင်း(ဘ)ဦးဘာဘူ(ခ)သိန်းဟန် ၁၀/မလမ(နိုင်)၂၄၄၅၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 389425)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
မင်းကျော်စိုး(ဘ)ဦးမောင်တီး ၁၀/ကမရ(နိုင်)၀၇၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၈၁၂၈၄၄

ပျောက်ဆုံးကြောင်း
အောင်မျိုးဌေး(ဘ)ဦးမောင်မောင်တင် ၁၁/မတန(နိုင်)၀၁၂၄၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၄၃၄၀၀၄၇

ပျောက်ဆုံးကြောင်း
သုခသမ္မန္နာ(ဘ)ဦးသောင်းငွေ ၁၀/မလမ(သီ)၀၁၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၀၆၅၅၂၂၂

အစုရှယ်ယာလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "ROYAL YTS EXPRESS COMPANY LIMITED" ဒါရိုက်တာအဖွဲ့၏ အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအား ကျပ်သိန်း 30,000,000 /- (ကျပ်သိန်းသုံးရာတိတိ)မှ ကျပ်သိန်း 10,000,000 (ကျပ်သိန်းတစ်ရာ)တိတိသို့ လျှော့ချသွားရန် ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

ROYAL YTS EXPRESS COMPANY LIMITED

ပျောက်ဆုံးကြောင်း
အောင်ဇော်မိုး(ဘ)ဦးကျော်နိုင် ၁၀/မလမ(နိုင်)၁၆၇၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၇၇၉၉

ပျောက်ဆုံးကြောင်း
နှင်းပွင့်ဖြူ(ဘ)ဦးခင်မောင်ရီ ၁၁/ကဖန(နိုင်) ၁၄၄၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၀၄၇၂၆၂

ဖခင်အမည်မှန်
ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ အ.ထ.က Grade-7 မှ ပညာသင်ကြားနေသော မအိမ်ချစ်မူး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းဦး ၇/တင၊(နိုင်)၂၀၄၃၃၄ ဖြစ်ပါကြောင်း။
ဦးမျိုးမင်းဦး

ပျောက်ဆုံးကြောင်း
အောင်ပြည့်ဖြိုး(ဘ)ဦးမြင့်ဝင်း ၁၄/၀ခမ(နိုင်) ၂၁၄၂၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၅၆၁၄၆၅

ပရီးမီးယားလိဂ် စီးရီးအနှင့် လီဂူးဝမ်းအမှတ်ပေးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်



စပါး Vs အက်စ်တွန်ဗီလာ

ကစားမည့် ရက် / အချိန်

(၁၉-၁၀-၂၀၂၅ ရက် ည ၇:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

စပါး	၄ - ၁	အက်စ်တွန်ဗီလာ
အက်စ်တွန်ဗီလာ	၂ - ၁	စပါး
အက်စ်တွန်ဗီလာ	၂ - ၀	စပါး

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

စပါး	အိမ်(သရေ)	ဝေး(သရေ)	ဝေး(နိုင်)
အက်စ်တွန်ဗီလာ	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)

ခန့်မှန်းရလဒ်

စပါး ၂ - ၁ အက်စ်တွန်ဗီလာ

ပရီးမီးယားလိဂ်ခုနစ်ပွဲကစားအပြီးမှာ စပါးအသင်းအနေနဲ့ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးပြိုင်ပွဲစုံခုနစ်ပွဲဆက် ရှုံးပွဲမရှိထားဘူးဆိုပေမယ့် ပရီးမီးယားလိဂ်မှာတော့ အိမ်ကွင်းနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဘုန်းမောက်အသင်းကို ၁ ဂိုး- ဂိုးမရှိ၊ ဝုဗ်အသင်းကို တစ်ဂိုးစီသရေနဲ့ အိမ်ကွင်းမှာ ကစားထားခဲ့ပါတယ်။ စပါးအသင်းအနေနဲ့ ဒီဘောလုံးရာသီမှာ တိုက်စစ်ပိုင်းထက်မြက်နေတယ်လို့ဆိုရမှာဖြစ်ပြီး ပြိုင်ပွဲစုံ နောက်ဆုံးခုနစ်ပွဲမှာလည်း သူတို့အသင်း ဂိုးမသွင်းတဲ့ပွဲမရှိဘဲ ၁၄ ဂိုး ရရှိထားပါတယ်။ နည်းပြသောမတ်ဖရန့်စ်အနေနဲ့ ခြေစွမ်းပြကစားနေတဲ့ ရစ်ချာလီဆန်ကို ပွဲထွက်ခွင့်ပေးထားမှုနဲ့အတူ ကစားသမားစုဖွဲ့မှုအနေနဲ့လည်း အကောင်းမွန်ဆုံးစွမ်းဆောင်ထားနိုင်တာကြောင့် ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ ကစားရခက်ခဲတတ်တဲ့ လိဒ်အသင်းကို အနိုင်ရခဲ့သလို ကြားရက်ကာရာဘောင်းဖလားနဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာလည်း အခက်အခဲမရှိကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။

လက်ရှိမှာ အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာရပ်တည်နေတဲ့ အက်စ်တွန်ဗီလာအသင်းအနေနဲ့လည်း ခုနစ်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ်ကိုးမှတ်ရရှိထားပါတယ်။ သူတို့အသင်းအနေနဲ့ ရာသီအစပိုင်းမှာ ပြိုင်ပွဲစုံ နောက်ဆုံးခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် အသင်းရဲ့ခြေစွမ်းပိုင်းကို နည်းပြအုန်းအမ်မရီက အကောင်းဆုံးပြန်လည်ပြင်ဆင်နိုင်ခဲ့ပြီး အခုဆိုရင် ပြိုင်ပွဲစုံ နောက်ဆုံးလေးပွဲဆက် အနိုင်ရရှိထားပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်(၆) ဖူလ်ဟမ်အသင်းနဲ့ ပွဲစဉ်မှာ ဒီရာသီပရီးမီးယားလိဂ်နိုင်ပွဲစတင်ရရှိခဲ့ပြီး ပွဲစဉ်(၇) ဘန်လေအသင်းနဲ့ပွဲစဉ်မှာဆိုရင်လည်း ၂ ဂိုး-၁ ဂိုးနဲ့အနိုင်ရရှိခဲ့ပါတယ်။ ဒါပြင် သူတို့အသင်းအနေနဲ့ စီးရီးအေကလပ်ဘိုလော့ဂ်နာ၊ နယ်သာလန်ကလပ် ဖီယင်နုအသင်းတို့နဲ့ ယူရိုပါလိဂ်ပွဲစဉ်မှာလည်း ပေးဂိုးမရှိအနိုင်ရရှိထားတာကြောင့် အက်စ်တွန်ဗီလာအသင်းရဲ့ စွမ်းဆောင်ရည်တွေကို စောင့်ကြည့်ရမှာပါ။

ဒီနှစ်သင်းရဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီ အိမ်ကွင်း၊ အဝေးကွင်းတွေ့ဆုံမှုနှစ်ကြိမ်မှာ တစ်ကြိမ်စီအနိုင်ရထားပြီး အက်ဖ်အေဖလားတွေ့ဆုံမှုမှာတော့ အက်စ်တွန်ဗီလာအသင်းက ၂ ဂိုး- ၁ ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ဒါပေမဲ့ ဒီဘောလုံးရာသီမှာ အက်စ်တွန်ဗီလာအသင်း ခြေစွမ်းပိုင်းထက်မြက်နေတယ်ဆိုပေမယ့် စပါးအသင်းရဲ့အိမ်ကွင်းမှာတော့ ရလဒ်ကောင်းဖို့ ခက်ခဲနိုင်ပါတယ်။ ဒါကြောင့် စပါးအသင်းပဲ အနိုင်ရသွားမှာပါ။

ကိုမို Vs ဂျူဗင်တပ်စ်

ကစားမည့် ရက် / အချိန်

(၁၉-၁၀-၂၀၂၅ ရက် ညနေ ၅ နာရီ)

နောက်ဆုံးနှစ်ပွဲတွေ့ဆုံမှုရလဒ်

ဂျူဗင်တပ်စ်	၃ - ၀	ကိုမို
ကိုမို	၁ - ၂	ဂျူဗင်တပ်စ်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ကိုမို	အိမ်(နိုင်)	အိမ်(သရေ)	ဝေး(သရေ)
ဂျူဗင်တပ်စ်	အိမ်(သရေ)	ဝေး(သရေ)	အိမ်(သရေ)

ခန့်မှန်းရလဒ်

ကိုမို ၁ - ၁ ဂျူဗင်တပ်စ်

ကိုမိုနဲ့ ဂျူဗင်တပ်စ်အသင်းတို့က စီးရီးအေပွဲစဉ်(၇)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိမှာတော့ ကိုမိုအသင်းက စီးရီးအေခြောက်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေပါတယ်။ ဂျူဗင်တပ်စ်အသင်းကလည်း သုံးပွဲနိုင်၊ သုံးပွဲသရေနဲ့ ရှုံးပွဲမရှိသေးဘဲ အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရပ်တည်နေတဲ့အသင်းပါ။ အခုပွဲစဉ်မှာ အိမ်ရှင်ကိုမိုအသင်းအနေနဲ့ နည်းပြဖာဘာရီဂတ်စ်ရဲ့ဦးဆောင်မှုအောက်မှာ အကောင်းဆုံးပုံစံရှိနေပြီး ပြိုင်ပွဲစုံ နောက်ဆုံးခုနစ်ပွဲမှာ ဘိုလော့ဂ်နာအသင်းတစ်သင်းကိုသာ ရှုံးနိမ့်ထားပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ လာဇီယိုအသင်းကို ၂ ဂိုး- ဂိုးမရှိနဲ့အနိုင်၊ ဖိအိုရင်တီးနားအသင်းကို ၁ ဂိုး- ဂိုးမရှိနဲ့အနိုင်၊ စီးရီးအေပွဲစဉ်(၆)မှာ ခြေစွမ်းပိုင်းကောင်းမွန်နေပြီး ကစားသမားစုဖွဲ့မှုပိုင်းမှာပါ အသာရနေတဲ့ အတ္တလန္တာအသင်းကို ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ခြင်းခြောက်မှုတွေနဲ့ တန်ပြန်ကစားနိုင်ပြီး တစ်ဂိုးစီသရေကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ ဒီဘောလုံးရာသီမှာ ဘယ်လိုအသင်းမျိုးကိုမဆို ခြေရည်တူကစားနိုင်စွမ်းရှိနေပြီး ကစားသမားတွေအနေနဲ့လည်း စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ အကောင်းဆုံးစွမ်းဆောင်ထားနိုင်ပါတယ်။

ဂျူဗင်တပ်စ်အသင်းကတော့ ဒီဘောလုံးရာသီမှာ ရှုံးပွဲမရှိသေးဘူးဆိုပေမယ့် အံ့အားသင့်ဖွယ်ရာ နောက်ဆုံးငါးပွဲဆက် သရေကျထားပါတယ်။ ချန်ပီယံလိဂ်ပွဲစဉ်(၁)မှာ ဒွဲမွန်အသင်းကို လေးဂိုးစီ၊ စီးရီးအေမှာ ဗီရိုနာနဲ့ အတ္တလန္တာအသင်းတို့ကို တစ်ဂိုးစီ၊ ချန်ပီယံလိဂ်ပွဲစဉ်(၂)မှာ ဗီလာရီးယဲလ်အသင်းကို နှစ်ဂိုးစီနဲ့ ပြီးခဲ့တဲ့ စီးရီးအေနောက်ဆုံးပွဲစဉ်မှာ အေစီမီလန်အသင်းကို ဂိုးမရှိသရေကစားခဲ့ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ ဒီရာသီမှာ တိုက်စစ်ပိုင်းနဲ့ခံစစ်ပိုင်း စွမ်းဆောင်ရည်မျှတနေတယ်ဆိုပေမယ့် နိုင်ပွဲပျောက်ဆုံးနေပြီး တိုက်စစ်ပိုင်းက လိုအပ်ချက်တွေရှိနေဆဲပါ။ ဂျူဗင်တပ်စ်အသင်းအနေနဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်းကျစ်လျစ်မှုရှိအောင် တည်ဆောက်ထားနိုင်တာကို တွေ့ရပြီး အခုလို တိုက်စစ်ပိုင်းကောင်းမွန်နေတဲ့ ကိုမိုအသင်းနဲ့ပွဲစဉ်မှာလည်း အဘက်ဘက်က ထိန်းချုပ်ကစားနိုင်မှာပါ။

ဒီနှစ်သင်း ပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှုမှာ ဂျူဗင်တပ်စ်အသင်းက နှစ်ကြိမ်စလုံးအနိုင်ရထားပါတယ်။ ဒါပေမဲ့ အခုပွဲစဉ်မှာတော့ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာ အကောင်းဆုံးပုံစံရနေတဲ့ ကိုမိုအသင်းအတွက် အနည်းဆုံးသရေရလဒ်ရရှိအောင်ကစားနိုင်ဖွယ်ရှိတာကြောင့် ဂျူဗင်တပ်စ်အသင်းနိုင်ပွဲပျောက်ဆုံးနေဦးမှာပါ။



ရင်းနက် Vs အော်ဇေး

ကစားမည့် ရက် / အချိန်

(၁၉-၁၀-၂၀၂၅ ရက် ည ၉:၄၅ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

အော်ဇေး	၀ - ၀	ရင်းနက်စ်
အော်ဇေး	၄ - ၀	ရင်းနက်စ်
ရင်းနက်စ်	၀ - ၁	အော်ဇေး

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ရင်းနက်စ်	ဝေး(သရေ)	အိမ်(သရေ)	ဝေး(သရေ)
အော်ဇေး	အိမ်(နိုင်)	ဝေး(ရှုံး)	အိမ်(ရှုံး)

ခန့်မှန်းရလဒ်

ရင်းနက်စ် ၁ - ၀ အော်ဇေး

ရင်းနက်စ်အသင်းက လီဂူးဝမ်းပွဲစဉ်(၈)အဖြစ် အော်ဇေးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ဒီဘောလုံးရာသီ ခုနစ်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေနဲ့ တစ်ပွဲရှုံးရလဒ်ရရှိထားပြီး အဆင့်(၁၀)နေရာမှာ ရပ်တည်နေပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ တိုက်စစ်နဲ့ခံစစ်ပိုင်းမျှတအောင် ကစားနိုင်စွမ်းရှိတဲ့ ကစားသမားအစုအဖွဲ့ကို ပိုင်ဆိုင်ထားတယ်လို့ဆိုရမှာပါ။ ဒါပြင် အိမ်ကွင်းစွမ်းဆောင်ရည်အနေနဲ့လည်း လိုင်ယွန်နဲ့မာဆေးလ်တို့လိုအသင်းကို အိမ်ကွင်းမှာ အနိုင်ရယူထားတာကြောင့် ခြေရည်တူအသင်းတွေနဲ့တွေ့ဆုံမှုမှာ သူတို့အသင်းအနေနဲ့ အသာစီးရယူကစားနိုင်မှာပါ။ မာဆေးလ်အသင်းကို ၁ ဂိုး- ဂိုးမရှိ၊ လိုင်ယွန်အသင်းကို ၃ ဂိုး- ၁ ဂိုးနဲ့ ကစားထားသလို အိမ်ကွင်းနောက်ဆုံးသုံးပွဲဆက်လည်း ရှုံးပွဲမရှိခဲ့ပါဘူး။

အော်ဇေးအသင်းကတော့ နည်းပြပီလီဆီယားရဲ့ကိုင်တွယ်မှုအောက်မှာ ပြီးခဲ့တဲ့ဘောလုံးရာသီက လို ပုံစံကောင်းတွေပြသနိုင်ခြင်းမရှိတော့ဘဲ နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲပဲအနိုင်ရထားပါတယ်။ အော်ဇေးအသင်းအနေနဲ့ လီဂူးဝမ်းခုနစ်ပွဲ ကစားအပြီးမှာ နှစ်ပွဲနိုင်၊ ငါးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၆)နေရာမှာ ရပ်တည်နေတဲ့အသင်းပါ။ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ တစ်ယောက်လျော့နေတဲ့ လန့်စ်အသင်းကို အသာစီးရယူကစားနိုင်စွမ်း မရှိဘဲ ၂ ဂိုး- ၁ ဂိုးရလဒ်နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ အိမ်ကွင်း၊ အဝေးကွင်းမရွေး ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘူးလို့ ဆိုရမှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာရနေတဲ့ ရင်းနက်စ်အသင်းကိုပဲ အားပေးရမှာပါ။

စည်သူအောင်

ဒီးမော့ဆိုမြို့နယ်၌ ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများနှင့်ကယားပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံအားပေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေး

လွိုင်ကော် အောက်တိုဘာ ၁၈

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ဒီးမော့ဆိုမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်သူများနှင့်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ ငွေတောင်ပြည်ပရိယတ္တိစာသင်တိုက်သို့ရောက်ရှိကာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒီးမော့ဆိုမြို့နယ် ငွေတောင်ရပ်ကွက်နှင့် ငွေတောင်ဆည်ရပ်ကွက်တို့တွင် ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်သူများနှင့်တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဝင်ရောက်နေထိုင်သည့် ရပ်ကွက်၊ ကျေးရွာများတွင် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရန် စီမံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးသွားမည့် အခြေအနေများအား ပြန်လည်ပြောကြားကာ ပြည်သူများလတ်တလောနေထိုင်စားသောက်မှုအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒီးမော့ဆိုမြို့နယ် စည်ပင်သာယာဈေး၊ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ ငွေတောင်ဆည်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ငွေတောင်ဆည်သို့ရောက်ရှိကာ ဆည်ရေထိန်းတံခါးများ၊ ရေပေးမြောင်းများနှင့် လက်တံမြောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ရန်၊ ဆည်တာပေါင်လမ်းတစ်လျှောက် ချုံမြက်များရှင်းလင်းရန်၊ ရပ်ကွက်နေပြည်သူများအတွက် သောက်သုံးရေ ပြန်လည်ပေးဝေနိုင်ရေး၊ ဆောင်းသီးနှံနှင့် နွေစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ဆည်ရေပြန်လည်ပေးဝေနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် လွိုင်ကော်–ဒီးမော့ဆိုလမ်းမိုင်တိုင် (၁၂၄/၆)တွင် (၅၀x၅၀x၄၀)ပေ သံကူကွန်ကရစ် ရေပြွန်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလပြီးစီးရေး ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့အဝင်လမ်းမကြီး ဘေး၀ဲ၊ ယာတစ်လျှောက်တွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

ခင်စောတင့်

အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အဘယာရာမမိုးထိကျောင်းရှိသံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းရှိဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၉ ပါး၊ သာသနာနွယ်ဝင်သီလရှင် ၁၆ ပါးနှင့် ဒေသခံပြည်သူ ၁၇၁ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားပွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

၁၈-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အပါအဝင် မြို့နယ် ၆ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ပြည်သူ့ဆေးရုံများ၊ ဘိုးဘွားရိပ်သာများနှင့် သတ်မှတ်နေရာအသီးသီး၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပေးစဉ်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးအုပ်စုပတ်လည်ပွဲစဉ် ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးအုပ်စုပတ်လည်ပွဲစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကိုးသိန်းအားကစားကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးအုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက ၂ ဂိုး ၁ဂိုးဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို အောက်တိုဘာလ ၁၉ ရက်နှင့် ၂၀ ရက်အထိ ပြိုင်ပွဲ နှစ်ရက်နာမည်ဖြစ်သည်။

အောက်တိုဘာလ ၂၁ ရက်ကွာတား ဖိုင်နယ် ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များကို ညနေ ၃ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး ပဒုမ္မာကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တောင်ငဲ့ကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ပဒေသာကွင်းတွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ YTC လေ့ကျင့်ရေးကွင်း-(၁)ရှိ စက်ဘီးကွင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ မြဝတီ

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၅ ရက်**တွင် သာယာဝတီခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ဖခဂ) တန်၊ အခြားသစ် (၂ ဒသမ ဝ၉၇) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် စဂ၄ဝ၄၄၂) ကိုသစ်တောဥပဒေအရ လည်းကောင်း၊ **အောက်တိုဘာလ ၁၆ ရက်** တွင် ရွှေတောင်မြို့နယ်၊ ဆင်မကြပ်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ်ဖဂ၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ဖ၈၇၀၄၄)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂ ရက်**တွင် ရမည်းသင်းမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် (၁ ဒသမ ၅၉၈) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၂၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၀ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၅၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ **အောက်တိုဘာလ ၁၆ ရက်**တွင် မန္တလေးမြို့၊ ရွှေကြက်ယက်ဂိတ်၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း အမျိုး(၃၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၅၈၀) နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး၊ Mitsubishi Canter Truck (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၆၉၃၁၀၈၀)** ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

ထို့နောက် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၅ ရက်**တွင် မော်လမြိုင်မြို့နယ်၊ ခရွှန်းရှမ်းကျေးရွာရှိ အအေးခန်းဂိုဒေါင်(၁) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၂၅၈၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၄) လုံးအတွင်းမှ လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၅၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ စိန်ဟုယူဆရသော Synthetic Stone (၃ ဒသမ ၂၆၈)ကာရက်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၇၀၈၇၇)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာလ ၂ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၃၄၃၅၅၀၉၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၀-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၇၀၅	၂၈၂၀	၂၇၈၅	၂၇၂၀	၂၈၂၅	၂၈၄၀	၂၈၅၅	၂၇၇၅	၄၅၀၅	၃၀၇၀	၂၇၉၅	၂၈၄၅	၂၈၆၅	၂၈၃၀	၂၈၅၀	၃၁၁၀
95 Ron	၂၇၉၀	၂၉၀၅	၂၈၇၀	၂၈၀၅	၂၉၁၀	၂၉၂၀	၂၉၂၅	၂၈၆၅	၄၆၆၀	၃၁၅၅	၂၈၈၀	၂၉၁၀	၂၉၁၅	၂၉၁၀	၂၉၄၀	၃၁၉၅
HSD (500 ppm)	၂၄၆၅	၂၄၇၅	၂၄၄၅	၂၄၀၀	၂၄၈၅	၂၄၆၀	၂၄၁၅	၂၄၃၅	-	၂၈၃၀	၂၄၅၀	၂၄၆၀	၂၄၉၀	၂၄၆၀	၂၄၆၀	၂၄၆၅
HSD (50 ppm)	၃၀၀၀	၃၀၁၅	၃၀၀၀	၃၀၁၅	၃၁၂၀	၃၀၃၅	၃၀၂၅	၃၀၇၀	၄၈၃၀	၃၀၆၅	၃၀၉၀	၃၀၈၅	၃၀၆၀	၃၁၂၅	၃၀၄၅	၃၀၄၅
HSD (10 ppm)	၃၀၀၀	၃၀၁၅	၃၀၀၀	၃၀၁၅	၃၁၂၀	၃၀၃၅	၃၀၂၅	၃၀၇၀	-	၃၀၆၅	၃၀၉၀	၃၀၈၅	၃၀၆၀	၃၁၂၅	၃၀၄၅	၃၀၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၆၄၄	၂၆၂၉
95 Ron	၂၆၂၉	၂၇၁၅
HSD (500 ppm)	၂၃၁၀	၂၃၈၆
HSD (50 ppm)	၂၈၃၂	၂၉၁၈
HSD (10 ppm)	၂၈၃၂	၂၉၁၈

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၄၃

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


OKKAN
SUGAR
MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စဈ/ၛၢၦၧဖ/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
ခဲ့ ပြည့်စွမ်းတား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထာဝရလှပသော အပြုံးအတွက်
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြားတွင် ရှိနေကြောင်း...

❖ ထို့ကြောင့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍လည်း လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြံ့တွေ့လာရမည့်စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့်အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက်တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန်လို



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများတက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ၁

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်း ကြေညာချက် ပုံစံ(၁၀)၊ ပုံစံ(၁၀-က) နှင့် ပုံစံ(၁၀-ခ)များ ကပ်ထားကြေညာမည့် နေ့ရက်အသိပေးကြေညာ

စာ - ၃ သို့

ရန်ကုန်-ပုဂံရထားလမ်းပိုင်းအတွင်း အမှတ်(၆၁)အဆန်း(၆၂)အစုန်လူစီးရထား ပြန်လည်ပြေးဆွဲမည်

စာ - ၁၂ သို့

တပ်မတော်က သီပေါမြို့အား ပြန်လည်ထိန်းချုပ်ရရှိခဲ့သဖြင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ သီပေါမြို့သို့ရောက်ရှိလာရာ ဒေသခံတိုင်းရင်းသား ပြည်သူများက ဝမ်းမြောက်စွာကြိုဆို

စာ - ၁၅ သို့

